


www.free4reader.com

# 8days TV

မင်္ဂလာပါရှင်။ ယခုချိန်ကစပြီး 8days သတင်းများကို စတင်ကြေညာပါတော့မယ်ရှင် . . .

သတင်းခေါင်းစဉ် -

ကျွန်တော်ရဲ့ လက်ဦးဆရာ မကြည်ဖြူသျှင်နဲ့ တွဲရိုက်ခွင့်ရတဲ့အတွက် အရမ်းကျေနပ်မိပါတယ် အောင်ရဲလင်း

အနုပညာဖန်တီးမှုအပြင် မြန်မာ-ဂျပန် ချစ်ကြည်ရေးအတွက်ရိုက်ရတာမို့ ပျော်ပါတယ် ဝတ်မှုံရွှေရည် . . . စတဲ့ သတင်းတွေပဲဖြစ်ပါတယ်။



## ကျွန်တော်ရဲ့ လက်ဦးဆရာ မကြည်ဖြူသျှင်နဲ့ တွဲရိုက်ခွင့်ရတဲ့အတွက် အရမ်းကျေနပ်မိပါတယ် အောင်ရဲလင်း

ဒါရိုက်တာကြည်ဖြူသျှင် ရိုက်ကူးမယ့် ဇာတ်မြေဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မယ့် အောင်ရဲလင်းက "မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဂျပန်-မြန်မာချစ်ကြည်ရေး ဇာတ်ကားလေးမှာ ပါဝင်ရိုက်ကူးခွင့်ရမဲ့အတွက် ကျွန်တော်အရမ်းကိုဂုဏ်ယူမိပါတယ်။ နောက်ပြီး ကျွန်တော်ရဲ့ လက်ဦးဆရာဖြစ်တဲ့ ဆရာမ မကြည်ဖြူသျှင်နဲ့ ကျွန်တော် ပြန်ရိုက်ခွင့်ရတဲ့အတွက်လည်း ကျွန်တော်အရမ်း ကျေနပ်မိပါတယ်ခင်ဗျ။ ဒီဇာတ်ကားနဲ့ပတ်သက်လို့ ပြောရရင် ကျွန်တော့်အလုပ်နဲ့ အကောင်းဆုံးဖြစ်အောင် သက်သေပြသမယ်လို့ပဲ ပြောချင်ပါတယ်။ ကျွန်တော်တို့ ဒီဇာတ်ကားကို ရှစ်လပိုင်း ၁၆ရက်နေ့ ဂျပန်မှာ သွားရိုက်ပါမယ်။ ပြီးရင် ၉လပိုင်း ၁၂ ရက်နေ့ ရန်ကုန်ကို ပြန်လာပါမယ်။ ပြီးရင် ခဏပြင်ဆင်ချိန်ယူပြီး ရန်ကုန်နဲ့ ရှမ်းပြည်မှာ ဆက်ရိုက်သွားပါမယ်"ဆိုတဲ့သတင်းကို သတင်းထောက်သန္တာဖြိုးက တင်ဆက်ထားပါတယ်။



## အနုပညာဖန်တီးမှုအပြင် မြန်မာ-ဂျပန် ချစ်ကြည်ရေးအတွက် ရိုက်ရတာမို့ ပျော်ပါတယ် ဝတ်မှုံရွှေရည်

ဂျပန်နဲ့ ဖက်စပ်ရိုက်ကူးမယ့် ဇာတ်ကားမှာ ဂျပန်မလေးတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်မယ့် ဝတ်မှုံရွှေရည်က "ဒီကားမှာ ကစ်က ဂျပန်မှာမွေးပြီး ဂျပန်မှာကြီးပြင်းတဲ့ ကောင်မလေးနေရာကသရုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ဂျပန်စကားပြောသင်ထားပါတယ်။ ဂျပန်စကားပြောဖို့အတွက် UFL က ဆရာနဲ့ လေ့ကျင့်ထားပါတယ်။ ဂျပန်မသွားခင်အထိတော့ ကစ် ဂျပန်စာနဲ့ပတ်သက်လို့ လေ့လာသွားမှာပါ။ နောက်ပြီး ဒီကားလေးက ချစ်ကြည်ရေးဇာတ်ကားလေးဖြစ်တယ်။ ၈၈ အရေးခင်းတွေရဲ့ သမိုင်းကြောင်းတွေပါ ပါဝင်မှာဖြစ်တဲ့အတွက် ထူးခြားမှုတော့ရှိမယ်လို့ထင်ပါတယ်။ ရိုက်ကူးရေးကတော့ ဂျပန်တစ်ဝက် မြန်မာတစ်ဝက်ရိုက်ရမှာပါ။ ဒီကားရိုက်ရတဲ့ ခံစားချက်ဆိုရင် ကစ်အနေနဲ့ အနုပညာဖန်တီးမှုတစ်ခုအနေနဲ့ရော နှစ်နိုင်ငံ ချစ်ကြည်ရေးဇာတ်ကားအနေနဲ့ပါ ရိုက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီလိုသေသေချာချာကို အကုန်အကျခံပြီး သေချာစီစဉ်ပြီး ရိုက်ကူးတဲ့ကားဖြစ်တဲ့အတွက် ကစ် ဘက်ကလည်း အကောင်းဆုံး ကြိုးစားသွားမှာပါ"ဆိုတဲ့သတင်းကို သတင်းထောက်သန္တာဖြိုးက တင်ဆက်ထားပါတယ်။

8days သတင်းအစီအစဉ် ဒီမှာတင်ပြီးဆုံးပါပြီ။ နောက်တစ်ပတ်မှာ ဘယ်အနုပညာရှင်ရဲ့ ထူးခြားတဲ့သတင်းများတင်ဆက်မလဲ ဆက်လက်အားပေးကြပါနော်။ ကျေးဇူးတင်ပါတယ်။




www.free4reader.com

အမှုဆောင်အရာရှိချုပ် (C.E.O)
ခင်သစ္စာကို

တာဝန်ခံအယ်ဒီတာ
မေသက်မာ

အယ်ဒီတာ
အိမ်ဖြိုး

အကြီးတန်းသတင်းထောက်
ကျော်မျိုးနိုင်

သတင်းအဖွဲ့
မိုးထက်ကျော်၊ သန္တာဖြိုး

စာပြင်
ဒေါ်အေးအေးမူ

ဒီဇိုင်းတာဝန်ခံ
ပြည့်မင်းဇော်

ဒီဇိုင်း
ကျော်ကျော်လင်း

ကွန်ပျူတာစာစီ
မိုးရီထွေး၊ အိမ့်မွန်ဇော်

ကြော်ငြာတာဝန်ခံ
ဇူမြတ်သူ (၀၉-၄၂၁၀၀၂၇၄၃)

ဖြန့်ချိဆက်သွယ်ရေး
ရွှင်းထက်အောင်

အုပ်ချုပ်ရေးမှူး
ဦးခင်မောင်ဝင်း

ထုတ်ဝေသူ
ခင်သစ္စာကို (၀၀၄၂၁)
အခန်း ၈၀၆၊ ၈-လွှာ၊ တိုက်-ဘီ၊ ပုလဲကွန်ဒို

ပုံနှိပ်
New Vision Media
ဦးစောလယ်ထူး၊ (၀၀၂၀၄)
အမှတ်(၂၅၇/၂၅၉)၊ အကွက်(၂၃)၊
စက်မှုဇုန်(၁)၊ အုံတောင်။
Y.P.P.G
ဦးအောင်မြင့်ချမ်း (၀၀၂၇၅) အမှတ်(၂၂)၊
ဘူတာရုံလမ်းသွယ်၊ ၂-ရပ်ကွက်၊ သမိုင်း။

စောင်ရေ ၁၀၀၀

ဖြန့်ချိရေး e- Empire Media Group
အမှတ် ၃၅၀/၃၅၄ တတိယထပ်၊
အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်။

ဆက်သွယ်ရန်
8daysjournal@gmail.com
ဖုန်း - ၀၁ ၈၆၀၃၇၅၅၊ ၀၉ ၇၃၀၈၈၀၁၃၊
၀၉ ၇၃၀၈၈၀၁၅၊ ၀၉ ၇၃၀၈၈၀၁၆
အမှတ် (၆၀၆)၊ (၆) လွှာ၊ တိုက်-D၊
ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊
ပေါန်မြို့နယ်၊ ရန်ကုန်။


# မြန်မာပြည်မှာဇာတ်ကား ရိုက်ကူးခွင့်ရတာ အဘွားကို ကျေးဇူးဆပ်ခွင့်ရလိုက်သလိုပါပဲ

## မိုရီဆာကီဝင်း



အမှန်တော့ ကျွန်တော်က ဘောလုံးသမား အရမ်းဖြစ်ချင်တာပါ။ ဒါပေမဲ့ ကျွန်တော် ၁၄နှစ်သားလောက်မှာ ဂျပန်နိုင်ငံမှာ ကျောင်းတက်ရင်းနဲ့ အနုပညာနဲ့ပတ်သက်တဲ့ Lesson တွေ သင်ရတယ်။ အဲဒီကနေ သင်ရင်းနဲ့ ဝါသနာပါခဲ့တာပါ။ အခု လက်ရှိကတော့ ဂျပန် J Pop အဖွဲ့ဝင်တစ်ဦးပါ။ ကျွန်တော်တို့အဖွဲ့မှာ အဖွဲ့ဝင် ၄ဦးရှိ တော့ "ဇာတိမြေ"ဆိုတဲ့ ဇာတ်ကားမှာ ဂျပန်နိုင်ငံမှာ အဆိုတော်တစ်ယောက် လူတစ်ယောက် ဘာရိုက်တာနဲ့သရုပ် လို မြန်မာဇာတ်ကားကိုရိုက်ခွင့်ရ ပျော်ပါတယ်။ နောက်တစ်ခုက သားလောက်အထိ အဘွားနဲ့နေခဲ့ရ ရောက်တော့ အဘွားနဲ့ ကွဲသွား တော် ဂျပန်မှာ အနုပညာအလုပ် တော့ အဘွားလည်း သိပါတယ်။ အခု ဇာတ်ကားရိုက်ခွင့်ရတာ အဘွားကို လိုက်သလိုပါပဲ။ အဘွားက အခုလက်ရှိ နေတုန်းပါပဲ။ ဂျပန်နိုင်ငံမှာနေပေမယ့် မြန်မာစကား ကောင်းကောင်း ပြောနိုင်တာက အဖေနဲ့အမေ က မြန်မာစကားပဲ ပြော တယ်။ ဆူလည်း မြန်မာလိုပဲ ဆူတယ်။ ရိုက်လည်း မြန် မာလိုပြောပြီး ရိုက်တာဆို တော့ ကျွန်တော်မြန်မာ လို ကောင်းကောင်းတတ် တာပေါ့ဗျာ။ မြန်မာနိုင်ငံ ကို ကျွန်တော် ရောက် ဖြစ်ပါတယ်။ ဂျပန်-မြန်မာပွဲမှာလည်း ကျွန် တော် မြန်မာနိုင်ငံကို လာရောက်ဖျော်ဖြေ ပေးခဲ့ပါသေးတယ်။

ပါတယ်။ အခုမြန်မာနိုင်ငံမှာ မြန်မာနိုင်ငံမှာမွေးပြီး အနေနဲ့ ရပ်တည်တဲ့ ဆောင်ပါမယ်။ ဒီ တဲ့အတွက် အရမ်း ကျွန်တော် ၁၀နှစ် တယ်။ ဂျပန်ပြည် တယ်။ ဒါပေမဲ့ ကျွန် တွေလုပ်နေတာကို လို မြန်မာပြည်မှာ ကျေးဇူးဆပ်ခွင့်ရ လည်း ရန်ကုန်မှာ

TDP



# သတင်းထောက်ဇာတ်ရုပ်က တာဝန်ကြီးတယ်

## ရွှေသမီး

ဉာဉ်မ သတင်းထောက်ကာရိုက်တာအတွက် စိုးရိမ်ပါတယ်။ ညီမက နယ်ပယ်အစုံကသတင်းတွေကို ရေးရတဲ့သတင်းထောက်ကာရိုက်တာမျိုးပါ။ ညီမက အပြင်မှာ အေးအေးဆေးဆေးနေတတ်တယ်။ "ပီဇာ" ကားမှာက သွက်သွက်လက်လက်ရှိပြီး ထက်မြက်တဲ့ပုံစံဆိုတော့ နည်းနည်းတာဝန်ကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ တကယ်ရှိတဲ့ ကာရိုက်တာကို ကိုယ်စားပြုပြီးတော့ လုပ်ရတာဖြစ်တဲ့အတွက် တာဝန်ကြီးတယ်။ မရိုက်ခင်ကတည်းက စာနယ်ဇင်းက အစ်ကိုတွေ၊ အစ်မတွေကိုမေးတယ်။ အခုရိုက်နေတော့လည်း တချို့အခန်းတွေဆို စိတ်တိုင်းမကျလို့ သုံးခေါက်လောက်ကို ပြန်ရိုက်ရတယ်။ ညီမက ကိုယ်စိတ်တိုင်းမကျရင် ပြန်ရိုက်တယ်။ ကိုယ့်ဘေးမှာရှိတဲ့ စာနယ်ဇင်းက ဆရာ၊ ဆရာမတွေ ဘယ်လိုနေထိုင်လဲဆိုတာ လေ့လာတယ်။ ကိုယ်တိုင်က စိုးရိမ်တဲ့အတွက် ညီမ အဝတ်အစားကအစ သေချာ ပြင်ဆင်ပြီးရိုက်ခဲ့ရပါတယ်။ သတင်းထောက်ကာရိုက်တာက ကိုယ့်အတွက် တာဝန်ကြီးပါတယ်။ ညီမ အကောင်းဆုံးတော့ ကြိုးစားထားပါတယ်။

MHK

NEWS MAKER






www.free4reader.com



မြန်မာနိုင်ငံမှာ အသက် (၁၀)နှစ်အထိ နေထိုင်ခဲ့ပြီး ဂျပန်နိုင်ငံမှာ အလယ်တန်း၊ အထက်တန်းနဲ့ အခုဆိုရင် တက္ကသိုလ် နောက်ဆုံးနှစ် တက်ရောက်နေတဲ့ အဆိုတော် Mary ကို ဒီတစ်ပတ်ရဲ့ Cover Star အဖြစ် ရွေးချယ်ခဲ့ပါတယ်။ ဝဲနဲ့ Mask သီချင်းတွေနဲ့ အတူ ပရိသတ်တွေ နှစ်သက်အားပေးမှုရခဲ့တဲ့ Mary ကို မိတ်ကပ်မေဦးက အလှဆုံး လိမ်းခြယ်ပေးထားသလို ဓာတ်ပုံ Jason ကလည်း ဆန်းသစ်တဲ့ ရိုက်ချက်တွေနဲ့ ရိုက်ကူးပုံဖော်ပေးထားပါတယ်။

# ဝဲ သီချင်းကို ကိုယ်နဲ့လုံးဝ မသိဘဲ အားပေးတာ ဝမ်းသာလွန်းလို့ ငိုမိတယ် . . . Mary

- ကျော် မျိုး နိုင် -

PHOTO : JASON(SENSE PHOTOGRAPHY), MAKE UP : MAY OO, DRESS : MY FASHION USA

# Cover Star Album

**Q. ဂျပန်မှာနေခဲ့ပြီး မြန်မာစာ၊ မြန်မာစကားတွေနဲ့ အဆက်မပြတ်အောင် ဘယ်လိုလေ့လာခဲ့ဖြစ်လဲ။**

A.အမေက မြန်မာလူမျိုးဆိုတော့ မြန်မာစကားမမေ့အောင် အပြောလေ့ကျင့်ပေးတယ်။ Mary ကိုယ်တိုင်ကလည်း မြန်မာစာကို စိတ်ဝင်စားတယ်။ ဖတ်စာအုပ်တွေကို ကိုယ်တိုင်ဝယ်ပြီးတော့ လေ့လာတယ်။

**Q. မြန်မာပြည်ပြန်လာဖြစ်တာက. . .**

A. ဒီတစ်ခေါက်ကတော့ အလုပ်ကိစ္စနဲ့ပါ။ အရင်ကတော့ ခဏခဏ အလည်ပြန်လာဖြစ်တယ်။ ကျောင်းပိတ်တိုင်း တစ်နိုင်ငံမဟုတ် တစ်နိုင်ငံ ခရီးလျှောက်သွားနေတယ်။ အခုနောက်ပိုင်း မြန်မာပြည်မှာ သီချင်းလုပ်ဖြစ်တော့ အလုပ်ကိစ္စအတွက် ကျောင်းပိတ်ရက်တွေမှာ ပြန်လာဖြစ်ပါတယ်။

**Q. ဘယ်အရွယ်ကစပြီး သီချင်းကို စိတ်ဝင်စားခဲ့တာလဲ။**

A. ငယ်ငယ်လေးကတည်းက သီချင်းဆိုတာ ဝါသနာပါတယ်။ အဖေက ငယ်ငယ်ကတည်းက ဂစ်တာတီးသင်တော့ နှစ်ယောက်အတူ သီချင်းဆိုတာတွေလည်းရှိတယ်။



**Q. ဘယ်လိုသီချင်းတွေဆိုရတာ ပိုပြီးသဘောကျလဲ။**

A. Mary ကြိုက်တဲ့သီချင်းတွေ၊ ဆိုတဲ့သီချင်းတွေက သာမန်လူတစ်ယောက် အနေနဲ့ဆိုရင် အရမ်းပျင်းဖို့ကောင်းတယ်။ အေးအေးလေးတွေ ကြိုက်တယ်။ မျောပြီးလွင့်နေတဲ့ သီချင်းပုံစံလေးတွေကြိုက်တယ်။ မြူးတဲ့သီချင်းတွေတော့ သိပ်မကြိုက်တဲ့အထဲမှာပါတယ်။

**Q. Mary ဆိုတာ နာမည်အရင်းလား။**

A. နာမည်အရင်းက Mary Soe ပါ။

**Q. သီချင်းအေးအေးလေးတွေ ကြိုက်တာကြောင့် Online ပေါ်မှာ ဝဲသီချင်း တစ်ဖြစ်သွားတာလား။**

A. Mary က ငယ်ငယ်ကတည်းက သီချင်းတွေရေးတယ်။




www.free4reader.com

# Mary




PHOTO : JASON(SENSE PHOTOGRAPHY), MAKE UP : MAY OO, DRESS : QUEEN COLLECTION

Officially သီချင်းလုပ်မယ်လို့ စဉ်းစားလိုက်တဲ့အခါမှာ ကိုယ်ရေးတဲ့ သီချင်းတွေထဲမှာ ဘယ်သီချင်းကို အရင်ဆုံးပရိသတ်တွေကို ချပြရင်ကောင်းမလဲ၊ ဘယ်သီချင်းက ကိုယ့်ပုံစံ အပေါက်ဆုံးလဲ ကြည့်လိုက်တဲ့အခါမှာ ဝဲသီချင်းက Mary ပုံစံ ပိုပေါက်သလို Mary ကြိုက်တဲ့ Music ပုံစံနဲ့လည်းတူတယ်။ တခြား သီချင်းတွေက ငယ်ငယ်တုန်းကရေးထားတာကြောင့် နည်းနည်း Pop ဆန်တယ်။ ဝဲက အခုလက်ရှိခံစားနေရတဲ့ပုံစံနဲ့ အနီးစပ်ဆုံးဖြစ်လို့ ဒီသီချင်းကိုရွေးပြီးတော့ အရင်ဆုံးချပြခဲ့တာပါ။

**Q. ပရိသတ်တွေက ဝဲသီချင်းကို ဝေဖန်မှုအပေါ် မခံနိုင်လို့ Facebook ကို Deactivate လုပ်ခဲ့တာလား။ ဘာကြောင့်လဲ။**

A. Mary က တစ်ဦးတည်းသောသမီးပါ။ အမြဲတမ်းတစ်ယောက်တည်း မအေးအေးဆေးဆေးပဲနေတယ်။ သီချင်းစလုပ်တုန်းက အမေလည်းမသိဘူး၊ ဘယ်သူမှမသိဘူး။ တစ်ယောက်တည်း Producer နဲ့လုပ်တယ်။ ဝဲသီချင်းထွက်တုန်းက ဝေဖန်မှုတွေဖြစ်နေတဲ့အချိန်မှာ Mary က ဂျပန်ပြည်ကို ပြန်ရောက်နေပြီး၊ အပြောခံရတဲ့ အချိန်မှာ ရင်ဖွင့်စရာလူလည်းမရှိသလို အဖေအမေတွေကလည်းမသိဘူး၊ ဂျပန်သူငယ်ချင်းတွေကလည်း မြန်မာ Music အကြောင်း၊ နားမလည်တော့ပြောလို့မရဘူး။ တစ်ယောက်တည်း ကိုယ့်အချိန်ကို ကိုယ်လိုချင်ခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ်ပြန်မေးတယ်။ ဒီလောကက ဒီလိုတွေရှိတယ်၊ ခံနိုင်လား၊ လုပ်နိုင်မှာလား၊ တကယ်Music လုပ်ချင်တာလား၊ ဒါမှမဟုတ် မိုးမိုးတက္ကသိုလ်အောင်ပြီးတော့ ဂျပန် ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လုပ်မှာလား။ မအေးမအေးဆေးဆေးအချိန်ယူပြီး စဉ်းစားခဲ့တယ်။ တကယ်လုပ်ချင်တယ်လို့ ဆုံးဖြတ်ပြီးမှ Account ပြန်ဖွင့်ပြီး Mask သီချင်းကို လုပ်ဖြစ်တာပါ။

**Q. အဆိုတော်တင်ဇာမော် ကိုယ်တိုင်က ဒီမိန်းကလေး ဘယ်သူလဲ၊ ဒီလိုအဆိုတော်တစ်ယောက်ကို ကြိုဆိုသင့်တယ်ဆိုပြီး ရေးထားတဲ့ Comment တွေကိုမြင်ရလား၊ ဘယ်လိုခံစားမိလဲ။**

A. အဲဒီတုန်းက Instagram ပဲ သုံး တော့တယ်၊ ပထမဦးဆုံးအကြိမ် Fan တွေက အားပေးစကားလာပြောတဲ့အချိန်မှာ ငိုတောင်ငိုမိတယ်။ ကိုယ်နဲ့မသိတဲ့သူတစ်ယောက်က ကိုယ်လုပ်တဲ့ Music တစ်ခုကို ဒီလောက်သဘောကျပြီး ကိုယ်နဲ့လုံးဝမသိဘဲ အားပေးတာကို ဝမ်းသာလွန်းလို့ငိုမိတယ်။ တခြား Fan တွေကလည်း Message တွေ ပို့လာတယ်။ အဆိုတော်ကြီးတွေ ကိုယ်တိုင်ကပါ အားပေးစကားတွေပြောလာတဲ့အခါ အရမ်းဝမ်းသာတယ်။ Mary အမေကိုလည်း ပြောပြတဲ့အချိန်မှာ အမေကလည်း အဲဒီအဆိုတော်တွေကို အရမ်းကြိုက်တဲ့ အတွက် အရမ်းဝမ်းသာပြီး ပိုပြီးတော့ ထောက်ပံ့ပေးလာတယ်။ အားပေးလာတယ်၊ အနီးစပ်ဆုံးလူတွေကပါ အားပေးမှုတွေရှိလာတယ်။

**Q. Social Media မှာ Low Profile အနေနဲ့ပဲနေပြီး Instagram ပဲသုံးပြီး Facebook ကို Personal Account သုံးတာ တွေ့ရတာ ဘာကြောင့်လဲ။**

A. အမှန်က Low Profile နေတာမဟုတ်ပါဘူး။ Social Media တွေ သိပ်သုံးလေ့မရှိဘူး။ ပုံတွေလည်း သိပ်တင်လေ့မရှိဘူး။ နဂိုကတည်းက Privacy ကို အရမ်းလိုချင်တဲ့သူဖြစ်တာကြောင့် ကိုယ့် Privacy ကို သူများတွေသိတာ သဘောမကျတာကြောင့် Acitvity တွေကိုလည်း သိပ်မတင်ဖြစ်ဘူး။ အဲဒါကြောင့် Low Profile ပုံစံပေါက်သွားတာပါ။

**Q. သီချင်းဆိုတဲ့အခါ ပရိသတ်ကို ဘယ်အရာကို အဓိကထားပြီး ပေးချင်တာလဲ။**

A. သီချင်းတစ်ပုဒ်ချင်းစီရဲ့ Message ပါ။ သီချင်းဆိုတဲ့အခါမှာ Mood ကို အဓိကထားတယ်။ Mary ကိုယ်တိုင် အသည်းကွဲနေသလို၊ လူတစ်ယောက်ကို ကြိတ်ကြွေနေသလို ခံစားတယ်။ သီချင်း နားထောင်နေသူတစ်ယောက်ကို ပုံပြင်ပြောသလို Mood ဖြစ်အောင် ဆိုတယ်။ နားထောင်နေတဲ့သူကလည်း ကိုယ်ကိုယ်တိုင်ခံစားနေရသလို၊ အသည်းမကွဲရင်တောင် အသည်းကွဲနေသလို၊ Crush မရှိရင်တောင် Crush တစ်ယောက်ရှိသွားတဲ့ပုံစံ Feeling မျိုးပေးချင်တာပါ။

**Q. အရမ်းအားကျရတဲ့ ပြည်တွင်းအဆိုတော်ရှိလား၊ ဘယ်သူလဲ။**

A. ပြည်တွင်းပြည်ပ အဆိုတော်အားလုံးကို သဘောကျပါတယ်။ တစ်ယောက်တည်းတော့ ပြောလို့မရဘူး။

**Q. Album ထွက်ဖို့ အစီအစဉ်ရှိလား၊ ဘယ်တော့လဲ။**

A. ဒီနှစ်ထဲတော့မရှိသေးဘူး။ အခုပြန်လာတဲ့တစ်လအတွင်းမှာတော့ အခွေစီစဉ်မှုမဖြစ်နိုင်ဘူး။ နောက်နှစ် သုံးလပိုင်း ကျောင်းပြီးတဲ့အချိန်လောက်မှ မြန်မာပြည်ပြန်လာပြီး ပြန်နေဖြစ်ရင် သီချင်းလုပ်ဖြစ်ပါမယ်။

**Q. Mask သီချင်းကို ကိုယ်တိုင် ဘာလို့ MTV မရိုက်တော့တာလဲ။**

A. အစကတော့ ရှစ်လပိုင်းပြန်လာမယ်ဆိုရင် ရိုက်ဖို့စဉ်းစားထားတာပါ။ ဒါပေမဲ့ Mask ထွက်တဲ့ အချိန်မှာ ကိုယ်က ဂျပန်နိုင်ငံမှာဆိုတော့ ရိုက်ဖို့ အဆင်မပြေခဲ့ဘူး။ Album ထွက်တဲ့အခါကျရင်တော့ Mask ကိုရိုက်ပြီးတော့ ပြန်ထည့်ဖို့ စဉ်းစားထားပါတယ်။

**Q. Mary ရဲ့ ဘယ်အချက်တွေက ပရိသတ်ရင်ထဲရောက်ခဲ့တယ်ထင်လဲ။**

A. ပရိသတ်တွေက အသံတစ်ခုတည်းနားထောင်ပြီး သိခဲ့တာဆိုတော့ သီချင်းဆိုတဲ့ပုံစံလို့ထင်တယ်။ သူတို့ကိုယ်တိုင်ကိုက Feel တစ်မျိုးမျိုးရသွားတယ်လို့ ထင်တယ်။

**Q. Mary ရဲ့ ပရိသတ်တွေကို ဘာများပြောချင်သေးလဲ။**

A. Mary အသံကိုပဲကြားပြီး Mary ဆိုတာ မြူလား၊ မဲလားတောင် မသိတဲ့အချိန်ကတည်းကစပြီး အသံတစ်ခုပဲကြားပြီး အားပေးခဲ့တဲ့သူတွေ Mary အဆိုးဆုံးရောက် နေတဲ့အချိန်၊ စိတ်ဓာတ်ကျနေတဲ့အချိန် အားပေးခဲ့တဲ့သူတွေကို အရမ်းအရမ်းကျေးဇူးတင်ပါတယ်။ မြန်မာပြည်မှာမရှိတာကြောင့် Mary လုပ်နေတဲ့သီချင်းတွေက တခြားအဆိုတော်တွေနဲ့ယှဉ်လိုက်ရင် အရမ်းနှေးနေပါတယ်။ လုပ်နိုင်တဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင်ကြိုးစားနေပါတယ်။ သီချင်းကောင်းကောင်းလေးတွေကို ဆိုပြချင်ပါတယ်။




www.free4reader.com



သားဦးလေး ကိုယ်ဝန်လွယ်ထားရတဲ့ သဥ္ဇာနွယ်ဝင်းက" ကိုယ်ဝန်က သားဦးလေးပါ။ အရင်က သမီးလေးလိုချင်ပေမယ့် သားလေးလို့ သိလိုက်ရတဲ့အချိန်မှာလည်း ပျော်ရွှင်ရပါတယ်။ သားဦးလေးပဲ ဖြစ်ဖြစ်၊ သမီးဦးလေးပဲ ဖြစ်ဖြစ် ချစ်ပါတယ်။ ကလေးရှိလာပြီဆိုကတည်းက ပျော်ရွှင်ခဲ့ရပါတယ်။ ကိုယ်ဝန်ရှိနေတဲ့အချိန်မှာ မိဘမေတ္တာဆိုတာကို ပိုနားလည်လာတယ်။ မိခင်တစ်ယောက်ဖြစ်တော့မယ်ဆိုတဲ့စိတ်နဲ့ ပြောင်းလဲသွားတာလေးတွေရှိပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ပိုဂရုစိုက်ဖြစ်တယ်။ ကိုယ်ဝန်က အခု ၅လကျော်ပါပြီ။ ကလေးမွေးပြီးရင်လည်း အနုပညာအလုပ်တွေ ဆက်လုပ်ဖို့ အစီအစဉ်မရှိပါဘူး။ ကိုယ်ဝန်က ငါးလကျော်လောက်ရှိပါပြီ။ ဒီဇင်ဘာလလောက် မွေးမှာပါ။ ဝိတ်ိုရိယဆေးရုံမှာ ခိုးရိုးပဲမွေးမယ်လို့ စဉ်းစားထားပါတယ်။

TDP

## ကလေးမွေးပြီးရင်လည်း အနုပညာအလုပ်တွေ ဆက်မလုပ်တော့ဘူး သဥ္ဇာနွယ်ဝင်း



## ချစ်သူကိုအကြိုက်ဆုံးအချက်က သစ္စာရှိတာပါ သျှားထွင့်အိန္ဒြာ



ချစ်သူနဲ့ပတ်သက်ပြီး တချို့တွေက မသိလို့ပြောတာလည်းရှိတယ်၊ တမင်တိုက်ခိုက်ချင်လို့ ပြောတာမျိုးလည်းရှိတယ်။ မသိလို့ပြောတာမျိုးဆိုရင်တော့ မဟုတ်ဘူးလို့ပြောလိုက်ရင် 'ဆောရီးနော်' ဆိုပြီး ပြီးသွားတယ်။ မကောင်းမြင်တဲ့စိတ်နဲ့ တမင်တိုက်ခိုက်ချင်လို့ ပြောတဲ့သူမျိုးဆိုရင် ပြန်ပြီးတော့ ရန်ဖြစ်ရတယ်။ သျှားက ရန်ဖြစ်တာတော့ မဟုတ်ဘူး၊ သူတို့ကို ရှင်းပြတယ်။ ဘယ်ပရိသတ်ကိုမှ မစော်ကားပါဘူး။ ဒီနေ့ဒီအချိန်ထိလည်း ကိုယ်ကျင့်တရားပျက်ပြားအောင် မနေခဲ့ဘူး၊ သျှားချစ်သူကလည်း အဲဒီလို လူမျိုးမဟုတ်တဲ့အတွက်ကြောင့် ပြန်ပြီးတော့ ဖြေရှင်းတာပါ။ သူရော၊ ကိုယ်ပါ လူမှန်းအောင်နေခဲ့တဲ့သူတွေ မဟုတ်ခဲ့ပေမယ့် ဘယ်လိုစိတ်နဲ့လာပြောတယ်ဆိုတာ မသိခဲ့ဘူး၊ ချစ်သူရဲ့အနုပညာနဲ့ပတ်သက်ပြီး အနီးကပ်နေတဲ့သူဖြစ်တာကြောင့် သူ ဘယ်လိုစိတ်နဲ့ ကြိုးစားနေလဲဆိုတာ မြင်တယ်။ တခြားသူတွေတော့ မသိဘူး။ သူကိုယ်တိုင်ထက်တောင် သျှားက သူ့ကိုအောင်မြင်စေချင်တယ်။ ဆယ်ကျော်သက်အရွယ်ကို ဖြတ်ကျော်လာခဲ့တော့ ရည်းစားတွေအများကြီးနဲ့ ကြုံခဲ့ဖူးတယ်။ ဒါပေမဲ့ သျှားက တစ်ယောက်မှ စိတ်တိုင်းမကျခဲ့ဘူး။ သူနဲ့ကတော့ မတည့်ဘူး။ သျှားအပေါ် အရမ်းကောင်းတယ်။ တာဝန်ကျေတယ်။ အကြိုက်ဆုံးအချက်ကတော့ သစ္စာရှိတာပါပဲ။

KMN




DENNIS MARTIN WATCH GROUP.NFC Co., LTD Phone : (09)73022249, (02)72992, (02)67354, (02)67364.

## ရီး(စ်)ဝစ်သားစပွန်းနှင့် ဂျင်နီဖာအင်နစ္စန်တို့ ရုပ်သံအစီအစဉ်မှာ အတူပါဝင်သည်




အော်စကာဆုရှင် ရုပ်ရှင်မင်းသမီး 'ရီး(စ်)ဝစ်သားစပွန်း'နဲ့ ဘရက်ပစ်(တ်)ဇနီးဟောင်း) ဂျင်နီဖာအင်နစ္စန်တို့ဟာ နယူးယောက်မြို့မှာ ရိုက်ကူးမယ့် နံနက်ခင်းရုပ်သံအစီအစဉ်တစ်ခုမှာ အတူပါဝင်ကြမယ်လို့ Variety စာစောင်က ဖော်ပြလိုက်ပါတယ်။ ဇာတ်ညွှန်းကို House of Cards စီးရီးရေးတဲ့ ဂျေးကာဆန်ရေးသားနေပြီး သူတို့နှစ်ဦးနဲ့ စတိ(ဗ်)ကလို့(စ်)တို့ ပူးပေါင်းထုတ်လုပ်မှာပါ။ ဘယ်ရုပ်သံဌာနက လွှင့်မယ်ဆိုတာ မသိရသေးပေမယ့် တိုက်ရိုက်လွှင့်အွန်လိုင်းဌာနတွေကိုလည်း ကမ်းလှမ်းထားတဲ့ အဲဒီစီးရီးမှာ နဂိုက သိပ်ရင်းနှီးတဲ့ ရီး(စ်)နဲ့ ဂျင်နီဖာတို့ဟာ 'Friends' စီးရီးမှာ ဂျင်နီဖာ့ ဇာတ်ကောင်(ရေချယ်)ရဲ့ ညီမအဖြစ် ရီး(စ်)က ဧည့်သည်သရုပ်ဆောင်လုပ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် တွဲဖက်ရိုက်ကူးတဲ့ ရုပ်သံစီးရီး ဖြစ်လာပါလိမ့်မယ်။ ရီး(စ်)ဟာ မကြာခင်က Big Lil' Lies စီးရီးမှာ ပါဝင်ခြင်းအတွက် အမ်မီဆု တစ်ကြိမ်စာရင်းဝင်ထားပြီး ဂျင်နီဖာကတော့ ၂၀၀၄ ခုနှစ်က Friends စီးရီးနိဂုံးချုပ်ကတည်းက တီဗွီမရိုက်ခဲ့ပါဘူး။ "အခုအချိန်မှာ သိပ်ကောင်းတဲ့ဇာတ်လမ်းနဲ့ ရင်ခုန်စရာ ဇာတ်ကောင်တွေကြားမှာ ပါဝင်ရင်း ကျွန်မ ပျော်ပျော်ပါးပါးနေချင်တယ်" လို့ Variety ကို ရီး(စ်)က ပြောထားပါတယ်။

## တေလာဟေး(လ်)နှင့် တစ်ခဏ



တက်သစ်စ စူပါမော်ဒယ်လ်နဲ့ ကမ္ဘာကျော် အမျိုးသမီးအလှကုန်ပစ္စည်းကုမ္ပဏီ Lancome ရဲ့ မင်တိုင်ကြော်ငြာမော်ဒယ်လ်ဖြစ်သူ တေလာဟေး(လ်)နဲ့ In Style မဂ္ဂဇင်းရဲ့ တဒင်္ဂအင်တာဗျူးကို ဖော်ပြပေးလိုက်ပါတယ်။

**Q. ညီမရရှိတဲ့ အကောင်းဆုံးအလှအပရေးရာ အကြံဉာဏ်က ဘာလဲ။**

A. ကိုယ့်ရဲ့ အားနည်းချက်တွေကို ဖုံးကွယ်ဖို့ ဆံပင်-မိတ်ကပ်ဖြီးလိမ်းပြင်ဆင်မှု အလွန်အကျွံ မလုပ်ပါနဲ့တဲ့။

**Q. အလုပ်လုပ်တဲ့အခါ မိတ်ကပ်လိမ်းသလား။**

A.အမြဲမလိမ်းပါဘူး၊ အလုပ်အတွက်မကြာခဏ မိတ်ကပ်အလိမ်းခံရတော့ မိတ်ကပ်ပါးပါး မလိမ်းထားရင် ကျွန်မရဲ့ တစ်နေ့တာဟာ တကယ်နေ့ မဟုတ်သလိုဘဲ။

**Q. ကျောင်းမှာတုန်းက အရပ်ရှည်လို့ အနိုင်ကျင့်ခံရတယ်ဆိုတာ ဟုတ်လား။**

A. ကျွန်မက ပိန်ပြီး အရပ်ရှည်လွန်းတယ်၊ မျက်မှန်လည်းတပ်ရတော့ အရမ်းရှက်တယ်။ မော်ဒယ်လ် စလုပ်တော့ ကျောင်းသူတွေက ကဲ့ရဲ့တယ်၊ ကျောင်းသားတွေက သဘောကျပေမယ့် ကျွန်မက မိန်းကလေးသူငယ်ချင်းပဲ ပိုလိုချင်တယ်။

**Q.မော်ဒယ်လ်စလုပ်တဲ့ကောင်မလေးကိုဘာပြောမလဲ။**

A. မကြောက်ပါနဲ့။ ပိုကြောက်လေ ရည်မှန်းချက်ပန်းတိုင် မရောက်နိုင်လေဘဲ။ မတ်တတ်ရပ်ပြီး ရင်ဆိုင်ဖြတ်ကျော်ပါ။

**Q. ဆိုရှယ်မီဒီယာမှာ မတင်ချင်တာရှိလား။**

A. မရှိပါဘူး။ ကျွန်မရဲ့စရိုက်အမှန်ကို လူတွေသိစေချင်ပါတယ်။ မင်းနဲ့တွေ့ချင်တယ်လို့ လူတွေကပြောရင် ကျွန်မနဲ့ သူတို့နဲ့ ရင်ဘတ်ချင်းနီးတဲ့သဘောပဲ။

**Q. မကောင်းပြောတဲ့ မှတ်ချက်တွေကို ဘယ်လိုဖြေရှင်းသလဲ။**

A. အဲဒါတွေ မဖတ်ဖို့ ကြိုးစားတယ်။ တစ်ခါတလေ ဂရုမစိုက်ချင်လို့မရဘူး။ တကယ်တော့ ဒါတွေက အရေးမကြီးပါဘူး။ သူတို့က ဘာကောင်တွေမို့လဲ။

international GOSSIP

စိုးသိုက်း ရည်ညွှန်း

## မော်ဒယ်လ်လေးနဲ့ တွဲပြန်တဲ့ ဟယ်ရီစတိုင်း(လ်)

One Direction အဖွဲ့သား 'ဟယ်ရီစတိုင်း(လ်)'ဟာ အစားအသောက်ဘလော့ဂါနဲ့ စားဖိုမှူး 'တက်(စ်)ဝပ်'နဲ့ ယခင်လကလမ်းခွဲပြီးနောက် ယခုအခါ မော်ဒယ်လ်လေး ကမီး(လ်)ရိုးနဲ့ တွဲခုတ်နေတယ်လို့ ယူဆခြင်းခံရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်က နယူးယောက်မြို့က ဂီတပွဲကို သူတို့ အတူသွားကြည့်ပုံ၊ တခြားလူတွေနဲ့ စကားပြောတိုင်း သူတို့ အတူတူရှိနေပုံတွေ၊ မိတ်ဆွေတစ်ဦး စကားပြောနေတာကို ဟယ်ရီက စိတ်ဝင်တစားနားထောင်တုန်း ကမီး(လ်)က သူ့အနားမှာ ရှက်ကိုးရှက်ကန်း ပြုံးနေပုံတွေကို The Sun သတင်းစာက ဖော်ပြလိုက်ပါတယ်။ "သူတို့နှစ်ယောက် အတွဲညီပါတယ်။ ဟယ်ရီက သိုသိုသိပ်သိပ်နေချင်တယ်။ ကမီး(လ်)ကလည်း နားလည်ရလာပြီ။ ဟယ်ရီက သူ့ကို အရမ်းကြွေနေပုံရတယ်"လို့ သတင်းပေးတစ်ဦးက The Sun ကို ပြောပါတယ်။ ဟယ်ရီက ကမီး(လ်)နဲ့ တွဲနေပေမယ့် ရည်းစား 'ကင်ဒေါ(လ်)ဂျင်နာ'က သူ့အချစ်ကိုပြန်ရဖို့ ကြိုးစားနေကြောင်း သူမ သူငယ်ချင်းတွေက ပြောပါတယ်။





## ဝလို့ ကဲ့ရဲ့သူတွေကို ရီဟန်းနားက တုံ့ပြန်ချေပ

R & B ဂီတအဆိုတော် ရီဟန်းနားဟာ သူမရဲ့ ဖွံ့ထွားလာတဲ့ ကိုယ်လုံးကို ဝေဖန်ကဲ့ရဲ့သူတချို့ကို ၃၁. ၇. ၁၇ နေ့က သူမရဲ့ အွန်လိုင်းမှ အင်စတာဂရမ် စာမျက်နှာကနေ တုံ့ပြန်ချေပလိုက်ပါတယ်။ ရီဟန်းနားရဲ့ ပရိသတ်တွေလွှင့်ထားတဲ့ အင်စတာဂရမ်အကောင့်မှာ ပရိသတ်တစ်ဦးက ၂၀၁၅ ခုနှစ်က စတိုးဆိုင်တစ်ဆိုင်မှာ သူမ သရေစာ လေးခုဝယ်ပြီး နှစ်မိနစ်အတွင်း အကုန်စားနေပုံ ဗီဒီယိုဖိုင်ကို တင်ခဲ့ပါတယ်။ အဲဒီဗီဒီယိုတင်တဲ့လူက "မင်းသိပ်အစားပုပ်တယ် ရီဟန်းနား"လို့ ပုံစာရေးခဲ့ပါတယ်။ "ကျွန်မကို ဝလွန်းတယ်လို့ ရှင်တို့ ပြောကြသလား"လို့ ရီဟန်းနား မှတ်ချက်ပြန်ရေးပါတယ်။ ပရိသတ်တစ်ဦးကတော့ "ရီဟန်းနား ရင်သားတွေက သိပ်ကြီးပြီး ဖေါင်းနေတယ်။ ဂါဝန်လည်း ကျပ်နေတယ်။ သူမှာ ကိုယ်ဝန်ရှိနေပြီထင်တယ်"လို့ Valerian ဇာတ်ကားရုံတင်ပွဲမှ ရီဟန်းနားရဲ့ ဓာတ်ပုံကြည့်ပြီး ရေးခဲ့ပါတယ်။ နောက်တစ်ဦးကလည်း "သူ ဗိုက်ကြီးနေတာ သေချာတယ်"လို့ဝင်ရေးပါတယ်။ ရီဟန်းနားဟာ ယခုအခါ ဆော်ဒီအာရေဗျနိုင်ငံမှ အကြီးမားဆုံး တိုယိုတာကား ဖြန့်ချိရေးကုမ္ပဏီပိုင်ရှင်ရဲ့ သား ဘီလျံနာ 'ဟာဆန်းဂျမီး'နဲ့ တွဲခုတ်လျက်ရှိပါတယ်။

## ကလေးသရုပ်ဆောင်ရွေးပွဲမှာ ရက်စက်ကြောင်း စွပ်စွဲချက်တွေကို ငြင်းဆိုတဲ့ ဂျိုလီ

ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီဟာ ကမ္ဘောဒီးယားနိုင်ငံက ခမာနီအစိုးရလက်ထက် နောက်ခံရုပ်ရှင်ဇာတ်ကား First They Killed My Father မှာ သရုပ်ဆောင်မယ့် ဒေသခံ ကလေးတွေကို ရှာဖွေရွေးချယ်ရာမှာ လှည့်စားမှုရှိကြောင်း စွပ်စွဲခံရတာကို ပြင်းထန်စွာ ငြင်းပယ်လိုက်ပါတယ်။ Vanity Fair မဂ္ဂဇင်းရဲ့ အင်တာဗျူးမှာ ဆင်းရဲသားကလေးတွေကိုပိုက်ဆံပေးပြီး ထွက်ပြေးခိုင်းတဲ့သရုပ်ဆောင်ရွေးချယ်နည်းသုံးခဲ့ကြောင်း ဂျိုလီက ရှင်းပြထားလို့ ပရိသတ်အများစုက ဒေါသထွက်ပြီး သူမကို "လုပ်စားသူ"လို့ ဝိုင်းစွပ်စွဲကြပါတယ်။ ဒါရိုက်တာဂျိုလီနဲ့ ရုပ်ရှင်ဖန်တီးသူတွေဟာ ဆင်းရဲဒုက္ခရောက်ခဲ့ဖူးတဲ့ကလေးတွေကို ဆင်းရဲသားရပ်ကွက်တွေနဲ့ မိဘမဲ့ဂေဟာတွေမှာ တကူးတကန့် သွားရောက်ရှာဖွေပြီး ငွေထုပ်ကို လုပြေးခိုင်းကြပါတယ်။ သူတို့ကို ဖမ်းမိတော့ ဘာကြောင့်ခိုးသလဲလို့ မေးကြသတဲ့။ "ငွေထုပ်ကို လုမပြေးဘဲ အကြာကြီးစိုက်ကြည့်နေတဲ့ ကလေး 'ဆရေးမို့(စ်)'ကို ကျွန်မတို့ရွေးချယ်ခဲ့ပါတယ်"လို့ ဂျိုလီက အဲဒီ အင်တာဗျူးမှာ ပြောထားခဲ့ပါတယ်။ ယခု စွပ်စွဲမှုတွေဟာ လန့်ကြုတ်ဖြစ်ပြီး မိမိရဲ့ သရုပ်ဆောင်ရွေးနည်းကို လူတွေက အဓိပ္ပာယ်ကောက်လွဲကြလို့ စိတ်ညစ်မိတယ်လို့ သူမက သတင်းထုတ်ပြန်ချက်မှာ ပြောထားပါတယ်။ အဲဒီဇာတ်ကားဟာ ခမာနီကွန်မြူနစ်အစိုးရရဲ့ မျိုးတုံးသတ်ဖြတ်မှုကြီးမှလွတ်မြောက်ခဲ့တဲ့ ကလေးတစ်ယောက်ရဲ့ ရှုထောင့်က တင်ပြတဲ့ အတ္ထုပ္ပတ္တိစာအုပ်ကို မှီငြမ်းရိုက်ကူးတာ ဖြစ်ပါတယ်။



www.free4reader.com



# international LOOSE talks

။ ရွှင်ပျော်ပျော်မင်းသားလေး ။

### မေ့တတ်ပုံများ

ညို့မင်းသမီးတစ်ပါးဖြစ်တဲ့ မီဂန်ဖောက်စ်မှာ အကျင့်ဖြစ်နေတဲ့ အမေ့ကောင်းတာစ်ခုရှိတယ်။ ဘာလဲဆိုတော့

'ကျွန်မက အတူတူနေဖို့ စိတ်မျက်စရာကောင်းတဲ့သူတစ်ယောက်ပါ။ ကျွန်မက သန့်ရှင်းမှု အားနည်းတယ်။ ကျွန်မ အဝတ်အစားတွေဆို ချွတ်တဲ့နေရာမှာပဲ ပုံထားတယ်။ အိမ်သာတက်ပြီးရင် ရေပြန်ဆေးဖို့လည်းမေ့တယ်။ တစ်ခါတလေ သူများအိမ်မှာ အိမ်သာတက်ပြီးရင်တောင် ရေပြန်လောင်းချဖို့ မေ့နေတာ'။



### မတူပုံ

ကျွန်တော်ငယ်ငယ်တုန်းက ကျွန်တော်နဲ့ သက်တူရွယ်တူရှိတဲ့ ကောင်မလေးတွေဟာ ငွေကြေး၊ ကျော်ကြားမှု စတဲ့ဟာတွေကို အတော်လေး မက်မောကြတယ်။ အထင်ကြီးကြတယ်။ ကျွန်တော်ကတော့ ဉာဏ်ပညာရှိပြီး အသိအမြင်တိုးစေမယ့်လူနဲ့ စကားပြောရတာကို ပိုလိုလားခဲ့တယ်။



### ယုံကြည်မှု

'မိတ်ကပ်က ပေးတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ကျွန်မ တကယ် ကြိုက်တယ်'

### ဘိုင်ပြတ်သွားခြင်း

လေဒီဂါဂါဟာ သူ့ရဲ့ အနုပညာသက်တမ်း အစပိုင်းမှာ ငွေအကြီးအကျယ်ပြတ်လပ်သွားခဲ့ဖူးတယ်။ သူ့ရဲ့ ရှိုးပွဲအတွက် စင်လုပ်ဖို့ လေဒီဂါဂါက

'ကျွန်မမှာ ဘဏ်ထဲမှာ ကျွန်မနာမည်နဲ့ ထည့်ထားတဲ့ ဒေါ်လာ သုံးသန်းရှိတယ်။ အဲဒီ သုံးသန်း အကုန်လုံးကို စင်ဆောက်ဖို့အတွက် ကျွန်မ အသုံးပြုလိုက်တယ်။ အဲဒါနဲ့ ကျွန်မလည်း ရှုံးသာဆိုနေရတယ်။ လက်ထဲ တစ်ပြားမှကို မကျန်တော့ဘူး ဖြစ်သွားတဲ့အခြေ ဆိုက်ပါလေရော'








www.free4reader.com

# 8days ပဟေဠိ ၁၁၄

8 DAYS ချစ်သူများအကြိုက်၊ ပဟေဠိမေးခွန်းလေးတွေ ထုတ်လိုက်ပါတယ်။ လွယ်ပါတယ်။ ယခုအပတ်စဉ် အတွဲ (၉)၊ အမှတ် (၁၈) မှာပါဝင်တဲ့ ကဏ္ဍ၊ သတင်းတွေထဲက အကြောင်းအရာတွေကို မေးထားတာပဲ သေသေချာချာလေးဖတ်ပြီး ဖြေဆိုပေးဖို့ပဲဖြစ်ပါတယ်။ ဆုငွေ ၁၀၀၀ဝိ ချီးမြှင့်ပါမယ်။ အဖြေမှန်သူ (၅)ဦး မဲနှိုက်ရွေးပါမယ်။

၁။ အခုထိတော့ ရွေးနေတုန်းပါပဲ။ - အဖြေ . . . . . . . . . . . . . . . .

၂။ သူငယ်ချင်းကို ကူညီလိုက်လို့လေ။ - အဖြေ . . . . . . . . . . . . . . . .

၃။ ရည်းစားထားချင်ပေမယ့်လည်း ရည်းစားက တစ်ယောက်မှမရှိသေးဘူး။ - အဖြေ . . . . . . . . . . . . . . . .

၄။ ကျွန်မက သန့်ရှင်းမှုအားနည်းတယ်။ - အဖြေ . . . . . . . . . . . . . . . .

၅။ မျက်မှန်လည်းတပ်ရတော့ အရမ်းချက်တယ်။ - အဖြေ . . . . . . . . . . . . . . . .

၆။ တကယ်ဆို ဒါဟာဘာသာတရားကို ဖက်တွယ်တဲ့သူနည်းနေလို့ပါ။ - အဖြေ . . . . . . . . . . . . . . . .

၇။ အခုထိတော့ရွေးနေတုန်းပါပဲ။ - အဖြေ . . . . . . . . . . . . . . . .

၈။ ကျွန်တော်က အနိုမ်ခံသားပေါ့နော်။ - အဖြေ . . . . . . . . . . . . . . . .

၉။ ပြဇာတ်လောကထဲဝင်ခဲ့ဖူးတယ်။ - အဖြေ . . . . . . . . . . . . . . . .

၁၀။ စီးရီးစိစဉ်နေတာ တစ်နှစ်လောက်ရှိပြီ။ - အဖြေ . . . . . . . . . . . . . . . .

၁၁။ အတီးပိုင်းကို သေချာလေးတီးထားပါတယ်။ - အဖြေ . . . . . . . . . . . . . . . .

၁၂။ ဘယ်ပရိသတ်ကိုမှ မစော်ကားပါဘူး။ - အဖြေ . . . . . . . . . . . . . . . .

၁၃။ ဒီကိစ္စနဲ့ပြောရတာ အရမ်းလည်းရှက်ပါတယ်။ - အဖြေ . . . . . . . . . . . . . . . .

၁၄။ တကူးတကလည်း လာပေးကြတယ်။ - အဖြေ . . . . . . . . . . . . . . . .

၁၅။ မခွဲနိုင်လို့တဲ့။ - အဖြေ . . . . . . . . . . . . . . . .

၁၆။ ဂိုပြီးတော့ ကောင်းလာမယ်လို့တော့ ယုံကြည်ရပါတယ်။ - အဖြေ . . . . . . . . . . . . . . . .

၁၇။ သူ့ရဲ့ရုန့်သင်းသင်းလေးကိုလည်း ကြိုက်တယ်။ - အဖြေ . . . . . . . . . . . . . . . .

၁၈။ ပြဿနာသေးသေးလေးကနေ ကြီးသွားတတ်ပါတယ်။ - အဖြေ . . . . . . . . . . . . . . . .

၁၉။ အဲဒါနဲ့ ကျွန်မလည်း မှိုင်းသာဆိုနေရတယ်။ - အဖြေ . . . . . . . . . . . . . . . .

၂၀။ အမြဲတမ်းတစ်ယောက်တည်း အေးအေးဆေးဆေးပဲနေတယ်။ - အဖြေ . . . . . . . . . . . . . . . .

နောက်ဆုံးပေးပို့ရမည့်နေ့ (၂၁ - ၈ - ၂၀၁၇) / ဤဝေယားကွက်မှာသာဖြည့်စွက်၍ပေးပို့ပါရန်

အမည် ..........................................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ..........................................................

နေရပ်လိပ်စာအပြည့်အစုံ ..........................................................

## ပဟေဠိ ၁၁၂ အဖြေမှန်

| | |
|---|---|
| ၁။ အုပ်သာကျော် | ၁၁။ ခင်ရွှေ |
| ၂။ International Wave | ၁၂။ Love |
| ၃။ ဂိုမ်းဘေး | ၁၃။ ကက်(တ်)ဒဲ(န်)နင်း(စ်) |
| ၄။ Mia Malkova | ၁၄။ I Am All That |
| ၅။ လုံယမင်း | ၁၅။ မေ |
| ၆။ စင်္ကေသွား | ၁၆။ X Box |
| ၇။ မြင့်မြတ် | ၁၇။ နာတာလီပေါ့တ်မန်း |
| ၈။ မိုဝို | ၁၈။ အယ်ရှွန် |
| ၉။ မိတ်ကပ်ခင်စန်းဝင်း | ၁၉။ ဖြိုးပြည့်စုံ |
| ၁၀။ ဆုပန်ထွာ | ၂၀။ သက်ဆုနဒီ |

( အဖြေမှန်သူမရှိပါ )

WeChat ရဲ့ Official Accounts တွင်

" 8days Journal "ဟုရိုက်ပြီး

Follow နှိပ်ခြင်းဖြင့်

အနုပညာသတင်းများကို ဖတ်ရှုနိုင်သလို

www.8days.com.mm မှာလည်း

8days Journalရဲ့ အနုပညာသတင်းများကို

ဝင်ရောက်ဖတ်ရှုနိုင်ပါပြီ။

## ရုပ်ရှင်ရိုက်ဖို့ကမ်းလှမ်းလာရင် ကြိုးစားကြည့်ချင်ပါတယ် အေးချမ်းမိုး



MC အလုပ်ကိုပဲ လုပ်သွားမှာလား။ တခြားအနုပညာအလုပ်တွေပါလုပ်သွားမှာလားဆိုရင် အရင်ကတော့ မော်ဒယ်လ်အနေနဲ့ ဝင်လာပြီး Miss ပြိုင်ပွဲတွေပြိုင်တယ်။ ပြီးတော့ MC အလုပ်ကိုလုပ်ဖြစ်သွားတယ်။ ကြားထဲမှာ ဇာတ်လမ်းတိုတွေထဲမှာ သရုပ်ဆောင်လုပ်ဖြစ်ပါတယ်။ 'ရုံးပတီသီးလေးများ' ဇာတ်ကားမှာလည်း ပါဖူးတော့ အနုပညာပိုးကတော့ ရှိပြီးသားပါ။ အဲဒီအချိန်တုန်းက ကျောင်းလည်းတက်နေတုန်းဆိုတော့ အချိန်သိပ်မရခဲ့ဘူး။ ရုပ်ရှင်ရိုက်ဖို့ ငြင်းခဲ့တာမျိုးတွေရှိတယ်။ အခုတော့ အဲ့ယူဖို့ပဲ ကျန်တော့တာဆိုတော့ ကမ်းလှမ်းလာရင်တော့ ကြိုးစားကြည့်ချင်ပါတယ်။ အနုပညာသမားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တယ်။ ချမ်းမိုး ကိုယ်တိုင်ကလည်း မော်ဒယ်လ် လုပ်တယ်။ Miss ပြိုင်ပွဲတွေပြိုင်တယ်။ ကြားထဲမှာ Dancer အနေနဲ့လည်း လုပ်ဖူးတယ်။ မြန်မာအကတွေ၊ အငြိမ့်တွေလည်းကဖူးတော့ အနုပညာအလုပ်က တော်တော်စုံနေပါပြီ။ သရုပ်ဆောင်ဘက်မှာလည်း အကောင်းဆုံး ကြိုးစားသွားချင်ပါသေးတယ်။

KMN

## အမှိုက်ကောက်တဲ့သူတွေရဲ့ ဝတ်စားပုံ

### စကားအပြောအဆိုကအစ လေ့လာခဲ့တယ် ထွန်းထွန်း

ဗီဇာရုပ်ရှင်ဇာတ်ကားကြီးတွင် အမှိုက်ကောက်တဲ့ လူငယ်တစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားတဲ့ ထွန်းထွန်းက "ဗီဇာရုပ်ရှင်ကားကြီးမှာ ကျွန်တော်က နာမည်ကတော့ ချမ်းသာတယ်။ လူကတော့ အမှိုက်ကောက်နေရတဲ့ဘဝပုံစံမျိုး သရုပ်ဆောင်ထားတယ်။ အမှိုက်ကောက်တဲ့အလုပ်လုပ်ပြီးတော့ သူ့ဘဝအတွက် ဝမ်းရေးဖြေရှင်းရင်း ဖြတ်သန်းနေရတယ်။ ဗီဇာတ်လေးက သာမန်ဇာတ်ရုပ်တွေနဲ့ တော်တော်လေးကွာခြားပါတယ်။ အဓိက ပြင်ဆင်ရတာကတော့ အဝတ်အစားပိုင်းပါ။ ဘာဖြစ်လို့လဲဆိုတော့



ကျွန်တော်က သူများအဝတ်အစားတွေကို ယူဝတ်လို့ရနေပေမယ့် ကျွန်တော်ကိုယ်တိုင်က ငယ်ငယ်လေးကတည်းက အဝတ်အစားတွေစုတတ်တာဆိုတော့ ကိုယ့်အဝတ်အစားနဲ့ပဲ ရိုက်ဖြစ်ပါတယ်။ အမှိုက်ကောက်တဲ့ ကာရိုက်တာဖြစ်တဲ့အတွက် တကယ်အမှိုက်ကောက်တဲ့သူတွေရဲ့ အမှိုက်ကောက်ဟန်၊ သူတို့ရဲ့ဝတ်ပုံစားပုံ၊ စကားအပြောအဆိုကအစ လေ့လာခဲ့ပါတယ်၊ တစ်ဦးတစ်ယောက်ဆိုတာထက် အများစုရဲ့ပုံစံကို လေ့လာခဲ့ပါတယ်"လို့ ထွန်းထွန်းက ပြောပါတယ်။

TDP

www.free4reader.com




# 8 DAYS ပရိသတ်အတွက် ရုပ်ရှင်အညွှန်း

## ပွဲခံမယ်

မိုးသက်ကျော်

| | |
|---|---|
| ထုတ်လုပ်ရေး | R Square |
| ဒါရိုက်တာ | စတီးလ်(ဒွေးမေဝ္တာ) |
| သရုပ်ဆောင် | ထွန်းထွန်း၊ အိချောပို၊ ခန့်စည်သူ၊ နေမျိုးအောင်၊ ဖိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်ပေါင်းများစွာ . . . |

ဖိုးကြီးနဲ့ တောက်ထိန်တို့နှစ်ယောက် ထောင်နှစ်နှစ်ကျပြီး ပြန်ထွက်လာခဲ့တယ်။ ဖွေးစိန်တစ်ယောက် ဖိုးကြီးထောင်မှလွတ်လာတဲ့ သတင်းကြောင့် ဝမ်းသာနေတယ်၊ ဖွေးစိန်က ဖိုးကြီးကို ကလေးဘဝကတည်းက ချစ်နေတဲ့သူတစ်ယောက်ဖြစ်တယ်။ ဒါပေမဲ့ ဖိုးကြီးက အရေးမစိုက်။ ရွာထိပ်ဇရပ်ပေါ်မှာ ဖိုးကြီးတို့ အရက်သောက်နေချိန် ကားသမားသုံးယောက်က ဖျမ်းတုန်းမ တစ်ယောက်ကို ခေါ်လာရာ ဖိုးကြီးက မိုက်ကြေးခွဲပြီး ဝင်လုပ်ခဲ့တယ်။ ကားသမားများက မကျေနပ်။ တစ်နေ့ ဖွေးစိန် မွေးနေ့ကို ဖိုးကြီးရောက်လာတယ်။ တစ်ဖက်ရွာက ရန်စသူစံလှတို့အုပ်စုနဲ့ ရန်ဖြစ်ပြီး ဖွေးစိန်နဲ့ ချိန်းတဲ့နေရာရောက်လာတယ်။

ဖွေးစိန်က အကျိုးအကြောင်းမေးကာ ကြပ်ထုပ်ထိုးပေးတယ်။ ဖွေးစိန်ကို တစ်ဖက်ရွာက ထွန်းလင်းနဲ့ ပေးစားမယ်ကြားလို့ ကိုယ့်ကိုယ်ကိုယ် အဆိပ်သောက်သေတယ်။ အဒေါ်သိသွားလို့ အသက်မသေခဲ့။ ဖွေးစိန့်အဖေတို့က ထပ်မံစီစဉ်ဖို့ကြတဲ့အတွက် ဖွေးစိန်က သူ့ကိုယ်သူ အဆုံးစီရင်ဖို့ ခြိမ်းခြောက်တယ်၊ နောက်ပိုင်း ဖိုးကြီး သူ့ကိုယ်သူ ပြောင်းလဲပြီး ဖွေးစိန်ကို ချစ်ရေးဆိုလိုက်တယ်။ ဖွေးစိန်ကလည်း အရင်ကတည်းကချစ်ပြီးသားမို့ လက်ခံလိုက်တယ်။ အဲဒါကြောင့် ဖွေးစိန်အဖေက မင်္ဂလာကိစ္စကို အလောသုံးဆယ် စီစဉ်လိုက်တယ်။ ဦးအောင်ဒင်က တစ်ဖက်ရွာမှ နွားသတ်သမားဖျားကိုငှားကာ ဖိုးကြီးကို အပြတ်ရှင်းဖို့ စီစဉ်နေတယ်၊ ဖွေးစိန်က သူ့ကိုလာဒိုးဖို့အတွက် စာ အဆက်အသွယ်နဲ့ ပို့ပေးလိုက်တယ်။ ဖိုးကြီးက ဖွေးစိန်ကို ဒိုးပေးလိုက်တယ်။ ဒိုးပြေးပြီးတဲ့နောက်မှာ ဖိုးကြီးပဲ နွားသတ်သမားတွေလက်က လွတ်မလား၊ ဖွေးစိန်နဲ့ ဖိုးကြီး တကယ်ပဲ ပေါင်းရမလားဆိုတာကတော့ . . .







# 8 DAYS Album guide

နိုင်သီဟစုစည်းသည်

## TheAutobiography

(Vic Mensa)




Vic Mensa [m Chance the Rapper, Joey Pup, Towkio စသူတွေ ပါဝင်တဲ့ ရှီကာဂိုမြို့က Rap ဂီတအဖွဲ့ Save money ကို ပူးတွဲတည်ထောင်ခဲ့သူဖြစ်ပြီး Kids These Days ဆိုတဲ့ indie-rock ဂီတအဖွဲ့မှာ Rap ရွတ်ဆို၊ ၂၀၁၃ ခုနှစ်က Innane tape ဆိုတဲ့ mixtape ကို ထုတ်လုပ်ကာ ၂၀၁၆ ခုနှစ် (EP) There's A Lot Going On မှာ နိုင်ငံရေးပြောတဲ့သူလည်း ဖြစ်ပါတယ်။ ယခု သူ့ရဲ့ပွဲဦးထွက်အယ်(လ်)ဘမ် The Autobiography မှာ Kanye West &JU Thru' The Wier ကို သူ့ဘဝအကြောင်း ဖွင့်ပြောထားပါတယ်။ Memories on 47th. St. မှာ (၁၂)နှစ်အရွယ်က စက်ဘီးပေါ်က သူ့ကို ရဲတွေဆွဲချပုံ Rolling Like Stoner မှာ အရက်/ မူးယစ်ဆေးဝါးစွဲခြင်းပုံ၊ Homewrecker မှ ရည်းစားတွေနဲ့ အဆင်မပြေပုံတွေ ဆိုပြပါတယ်။ Pharrell ထုတ်လုပ်ပေးတဲ့ Wings မှာ သူ့ခေါင်းထဲပြည့်နေတဲ့ အရှက်၊ သံသယနဲ့ အဆုံးစီရင်ဖို့ အကြံအစည်တွေကို သီဆိုထားပါတယ်။ ခံစားချက်အပါဆုံး သီချင်းက trip-pop ဂီတအဖွဲ့ 'Lamb' နဲ့ ပူးတွဲသီဆိုတဲ့ Heaven on Earth ဖြစ်ပါလိမ့်မယ်။ အဲဒီသီချင်းကို Eminem လိုပဲ သေသွားတဲ့ သူငယ်ချင်းဆီပေးတဲ့စာဖြင့် စပြီး ဒုတိယအပိုဒ်မှာ အဲဒီ သူငယ်ချင်းက တမလွန်မှ စာပြန်ပုံနဲ့ သူ့ကိုသတ်သူဟာ Mensa ဖြစ်နေပုံဖြင့် အဆုံးသတ်ထားပါတယ်။

## LUST FOR LIFE

( Lana Del Rey )




ဒီအယ်(လ်)ဘမ်ဟာ ၂၀၁၄ ခုနှစ်က Ultraviolence နဲ့ ၂၀၁၅ ခုနှစ်ထုတ် Honeymoon တို့ နောက်ပိုင်း ထွက်လာတဲ့ 'Lana' ရဲ့ ပထမဆုံး အယ်(လ်)ဘမ်ဖြစ်ပြီး pop ဂီတဟန်တွေ လွှမ်းမိုးထားပါတယ်။ Heroin က Charles Manson နဲ့ Motley Crue တို့ကို ရည်ညွှန်းပြီး Coachella ကတော့ ရေဆေးပန်းချီကားတစ်ချပ်နဲ့ တူပါတယ်။ Tomorrow Never Came ကို Beatles အဖွဲ့သားဟောင်း John Lennan ရဲ့သား Sean က ထုတ်လုပ်ထားပြီး Across The Universe မှ တီးလုံးမျိုး တီးခတ်တာ သီချင်းပါဝင်ဆိုပေးထားတာကြောင့် Beatles သီချင်းဆန်နေတာ မဆန်းပါဘူး။ Beautiful People rSm Stevie Nicks က ဧည့်ပရိသတ်အဖြစ် ပါဝင်ပြီး 'Lana' အတွက် ကျမ်းစာတင်သွင်းလို ဖြစ်စေပါတယ်။ AAP Rock, Playboi Carti တို့ကလည်း Summer Bummer နဲ့ Groupie Love တို့မှ verse တချို့ ဝင်ဆိုပေးပေမယ့် Lana နဲ့ အပေးအယူ သိပ်မမျှကြဘူး။ Lust For Life မှာ ဝင်ဆိုတဲ့ Weeknd ကတော့ Lana ရဲ့ ကမ္ဘာပတ်လမ်းကြောင်းထဲမှာရှိရတာ အတူအဆန်းဖြစ်ပုံရတယ်။ In My Feelings က ဖြည်းညင်းစွာ ပွင့်လာတဲ့ ကန္တာရပန်းတစ်ပွင့်ကို ရည်ညွှန်းပြီး နောက်ဆုံးသီချင်းမှာ မိန်းကလေးဂီတအဖွဲ့တစ်ဖွဲ့က ဟာမိုနီ ဆိုပေးသလိုဖြစ်တဲ့ Get Free ကတော့ သဲလွန်စတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

Updated News

## Pizza Hut(City Mall @ St .John)

### ဆိုင်ခွဲသစ်ဖွင့်ပွဲကျင်းပ

Pizza Hut Myanmar ၏ (၅)ခုမြောက် ဆိုင်ခွဲဖြစ်သည့် Pizza Hut(City Mall @ St. John) ဆိုင်ခွဲသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ(၇)ရက်နေ့ နံနက်(၁၀) နာရီက အဆိုပါဆိုင်တည်ရှိရာ City Mall @ St.John ကုန်တိုက်အသစ်ကြီးတွင် ဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်ပွဲအခမ်းအနားသို့ Ariel သုတ၊ အိန္ဒြာလမုံနှင့် ချိုဝတ်ရည်တို့လည်း တက်ရောက်ခဲ့ကြပါတယ်။ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် Pizza Hut Myanmar ၏ မီနူး(Menu) အသစ်ဝိတ်ဆက်ခြင်း အစီအစဉ်ကိုလည်း တစ်ဆက်တည်းပြုလုပ်ခဲ့ပါတယ်။

TDP

www.free4reader.com

PHOTO : JASON(SENSE PHOTOGRAPHY), MAKE UP : MAY OO, DRESS : MY FASHION USA







www.free4reader.com




PHOTO : JASON(SENSE PHOTOGRAPHY), MAKE UP : MAY OO, DRESS : MY FASHION USA

www.free4reader.com

# Mary ရဲ့ ပရိသတ်အတွက် 8days ရဲ့ လက်ဆောင်



PHOTO : JASON(SENSE PHOTOGRAPHY), MAKE UP : MAY OO, DRESS : QUEEN COLLECTION

www.free4reader.com




PHOTO : JASON(SENSE PHOTOGRAPHY), MAKE UP : MAY OO, DRESS : QUEEN COLLECTION

www.free4reader.com




# ရွှေပင်မှာနားစေခဲ့သော်လည်း
# ငါ့ဟဲ့ပရိုဂျူဆာ

- မိုး ထက် ကျော် -

8 DAYS ရဲ့ ရုပ်ရှင်ဗီဒီယိုချစ်
ပရိသတ်များအတွက်
Behind the Scene ဆိုတဲ့
ကဏ္ဍတစ်ခု တင်ဆက်ပေးလိုက်ပါတယ်။
ဒီကဏ္ဍကနေ ရုပ်ရှင်တစ်ကား၊
ဗီဒီယိုတစ်ကား၊ ဗီစီဒီသီချင်းတစ်ပုဒ်၊
ကြော်ငြာ Scene တစ်ခု စသဖြင့်
ပရိသတ်ရှေ့မရောက်ခင် ကြိုတင်ပြင်ဆင်
လုပ်ဆောင်ချက်တွေထဲကမှ . . .
တစ်နည်းအားဖြင့် ရိုက်ကွင်းထဲက
မြင်ကွင်းတချို့ကို ထုတ်နုတ်
တင်ပြသွားမှာဖြစ်ပါတယ် . . .

Behind THE SCENE

ဒီတစ်ပတ်ရဲ့ ပထမဆုံးရိုက်ကွင်းကိုတော့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို ပုံဖော်နေတဲ့ 'ရွှေပင်မှာ နားစေခဲ့သော်လည်း' ဗီဒီယိုဇာတ်ကားလေးကို ဖော်ပြပေးချင်ပါတယ်။ ဒါရိုက်တာစိုးမိုးမင်းရိုက်တဲ့ ဒီကားမှာ ဘယ်သူတွေက ဘယ်နေရာကနေ ဘယ်လိုပုံစံမျိုးသရုပ်ဆောင်မလဲဆိုတာကတော့

**ဒါရိုက်တာစိုးမိုးမင်း**

ခုရိုက်နေတဲ့ ဇာတ်ကားနာမည်က 'ရွှေပင်မှာနားစေခဲ့သော်လည်း' ဆိုတဲ့ ဇာတ်ကားလေးပါ။ ပါဝင်တဲ့ သရုပ်ဆောင်တွေက နေမင်း၊ အုပ်သာကျော်၊ ခင်ဝင့်ဝါနဲ့ တခြားသရုပ်ဆောင်တွေ ပါဝင်ပါတယ်။ ဇာတ်လမ်းက လူငယ်တွေကြားမှာ ဖြစ်တတ်တဲ့ သုံးပွင့်ဆိုင်အချစ် ဇာတ်လမ်းမျိုးပါ။ ဇာတ်လမ်းပုံစံက နေမင်းက ချမ်းသာတဲ့ကောင်လေးတစ်ယောက်၊ အုပ်သာကျော် ကတော့ နေမင်းနဲ့ ပြောင်းပြန်၊ ဆင်းရဲတဲ့ ကောင်လေးတစ်ယောက်ပေါ့။ ခင်ဝင့်ဝါကတော့ လိမ္မာရေးခြားရှိပြီး တည်ငြိမ်တဲ့ ကောင်မလေးပုံစံမျိုးပေါ့။ နေမင်းနဲ့ အုပ်သာကျော်က ခင်ဝင့်ဝါကို ပြိုင်ပြီး လိုက်ကြတယ်။ အုပ်သာကျော်ကို ငယ်ငယ်ကတည်းက သံယောဇဉ်ရှိတယ်၊ နေမင်းကတော့ ကောင်မလေးကို အရမ်းချစ်တယ်၊ အရမ်းလိုချင်တယ်၊ ခပ်ဆိုးဆိုး၊ သူလုပ်ချင်တာမဆိုဖြစ်တယ်ဆိုတဲ့ သူဌေးသားပေါ့။ ခင်ဝင့်ဝါကတော့အုပ်သာကျော်ကို သံယောဇဉ်ရှိတော့ နောက်ပိုင်း သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းမှာ ဘာတွေဆက်ဖြစ်မလဲဆိုတာ ဒီကားလေးထွက်လာရင် ပရိသတ်တွေ ကြည့်ပေးကြပါဦး။

**နေမင်း**

ဒီကားမှာ ကျွန်တော်က သူဌေးသားတစ်ယောက်ပေါ့။ ခင်ဝင့်ဝါကို အရမ်းချစ်တယ်၊ အရမ်းလိုချင်တယ်၊ အုပ်သာကျော်ကတော့ ကျွန်တော်တို့အိမ်က မြင်းစောင့်ပုံစံမျိုးပေါ့။ ခင်ဝင့်ဝါကျတော့ ငယ်ငယ်လေးကတည်းက အုပ်သာကျော်ကိုသံယောဇဉ်ရှိတယ်၊ ကျွန်တော်ကတော့ ဒီထဲမှာ ခပ်ဆိုးဆိုးကာရိုက်တာ အနေနဲ့ သရုပ်ဆောင်ထားတယ်။

**အုပ်သာကျော်**

ကျွန်တော့်ကာရိုက်တာက ဦးနိုင်(နေမင်း)တို့ အိမ်က မြင်းသန့်ရှင်းရေးလုပ်တဲ့ လူတစ်ယောက်။ သူတို့က ချမ်းသာတော့ ငယ်ငယ်လေးကတည်းကနေလာတော့ ကျွန်တော့်ကို ကျောင်းထားပေးတာပေါ့။ ခင်ဝင့်ဝါကျတော့ ကျွန်တော့်ကို သံယောဇဉ်ရှိတယ်။ ဦးနိုင်နဲ့ ကျွန်တော်က ခင်ဝင့်ဝါကို အပြိုင်ကြိုက်ကြတယ်။ ကျွန်တော်က ဒီကားမှာ တစ်ကားလုံး မြန်မာဝတ်စုံတွေချည်းပဲ ဝတ်ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကာရိုက်တာက လိမ္မာတဲ့ကောင်လေး ကာရိုက်တာဆိုတော့လေ။

**ခင်ဝင့်ဝါ**

ဒီကားမှာညီမက ခပ်အေးအေး ရိုးရိုးသားသား ကာရိုက်တာလေးပါပဲ။ ကိုနေမင်းနဲ့ ကိုအုပ်သာကျော်က ညီမကို ကြိုက်ကြတယ်၊ ညီမကျတော့ သူတို့နှစ်ယောက်ကြားမှာ ညပ်နေတဲ့ ပုံစံမျိုးလေးပေါ့။ အခက်အခဲက သိပ်မရှိဘူး၊ ရိုက်နေကျပုံစံမျိုးလေးပဲဆိုတော့ အဆင်ပြေပါတယ်။ အဝတ်အစားကတော့ ရိုးရိုးပုံစံမျိုးလေးပဲဆိုတော့ ခပ်ရိုးရိုးလေးတွေ ဝတ်ထားတာများပါတယ်။

ဒုတိယရိုက်ကွင်းကိုတော့ ဒါရိုက်တာစွမ်းပိုင် ရိုက်ကူးထားတဲ့ 'ငါ့ဟဲ့ ပရိုဂျူဆာ'ဆိုတဲ့ ဟာသကားလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ မင်းသားကတော့ ဟာသကားတွေကို ပိုင်နိုင်စွာ ရိုက်ကူးနိုင်တဲ့ မင်းသား ဖြိုးငွေစိုး၊ မင်းသားသစ် ထက်အောင်မှိုင်း၊ လင်းယံနဲ့ မင်းသမီးကတော့ မကြာသေးခင်ကမှ ဆံပင် Style အသစ်ချိန်းထားတဲ့ နန်းခင်ဇေယျာပဲ ဖြစ်ပါတယ်။ ပရိသတ်တွေ စိတ်အပန်းပြေစေမယ့် ဇာတ်ကားလေးတစ်ခုဖြစ်တယ်လို့ သိရတာကြောင့် ပါဝင်တဲ့အနုပညာရှင်တွေရဲ့ စကားသံကို အခုလိုပဲ ဖော်ပြပေးလိုက်ပါတယ်။

**ဒါရိုက်တာစွမ်းပိုင်**

ဒီကားလေးနာမည်ကို 'ငါ့ဟဲ့ ပရိုဂျူဆာ'လို့ ပေးထားပါတယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ဖြိုးငွေစိုး၊ ထက်အောင်မှိုင်း၊ လင်းယံ၊ နန်းခင်ဇေယျာ၊ မဟေသီ၊ ဦးကျော်ထူးဝဏ်၊ ရာဇာပေါက်စီနဲ့ ဟာသ သရုပ်ဆောင် အများကြီးပဲပါတယ်။ ဇာတ်လမ်းက ဟာသဇာတ်လမ်းလေးပါပဲ။ ကိုဖြိုး(ဖြိုးငွေစိုး)က ဒီကားထဲမှာ ပရိုဂျူဆာပေါ့။ ထက်အောင်မှိုင်းနဲ့ လင်းယံက မင်းသားနှစ်ယောက်ပေါ့။ ကိုဖြိုး(ဖြိုးငွေစိုး)ရဲ့တိုက်မှာ ထက်အောင်မှိုင်းက တိုက်ပိုင်မင်းသားပေါ့။ နောက်ပိုင်း ထက်အောင်မှိုင်းက ကားရိုက်တွေများလာတော့ တိုက်အတွက် မိုက်ပေးတဲ့ရက်တွေ နည်းလာတယ်။ အဲဒီမှာ ကိုဖြိုး(ဖြိုးငွေစိုး)က နောက်အသစ်မင်းသားတစ်ယောက်ကို စာချုပ်ချုပ်လိုက်တယ်။ တိုက်တစ်တိုက်မှာ မင်းသားနှစ်ယောက်ဖြစ်ပြီး အပြိုင်တွေ ဖြစ်ကြတယ်၊ ပြီးတော့ ပြန်ပြီး အဆင်ပြေသွားကြပါတယ်။ ဟာသဇာတ်ကားလေးပါပဲ။ ဒီကားမှာ နန်းခင်ဇေယျာကတော့ မင်းသမီး အနေနဲ့ပဲ သရုပ်ဆောင်ထားပါတယ်။

**ထက်အောင်မှိုင်း**

ကျွန်တော်က အောင်မြင်နေတဲ့ မင်းသားတစ်ယောက်ပုံစံမျိုးနဲ့ သရုပ်ဆောင်ထားပါတယ်။ ကိုဖြိုးငွေစိုးရဲ့ တိုက်ကမင်းသားပေါ့။ နောက်ပိုင်း ကိုလင်းယံကို စာချုပ်ချုပ်တယ်၊ အဲဒီမှာ မင်းသားနှစ်ယောက် ပြဿနာလေးတွေ ဖြစ်ကြတဲ့ ဟာသပုံစံမျိုးပါပဲ။ နောက်ဆုံး ပြန်ပြီး အကုန်လုံးအဆင်ပြေသွားကြပါတယ်။ မနန်းခင်ဇေယျာနဲ့ ကျွန်တော်က ချစ်သူတွေ ပုံစံမျိုးတော့ မဟုတ်ဘူး။ မင်းသားကာရိုက်တာဆိုတော့ အဝတ်အစားကို Fancy လူငယ်ဆန်ဆန်ပဲ ဝတ်ထားတယ်။ ကျွန်တော်T-shirt၊ ဘောင်းဘီရှည်ရယ် ဝတ်ထားတာပဲ များပါတယ်။ ပရိသတ်က ဒီကားကို ကြည့်ရင် ရယ်ရမယ်လို့ ထင်မိပါတယ်။ ပေါ့ပေါ့ပါးပါးလေး ဆိုတော့ ကြည့်ရတာ ပျော်စရာ ကောင်းမယ်လို့ ထင်ပါတယ်။

**နန်းခင်ဇေယျာ**

နန်းခင်က ဒီကားမှာ မင်းသမီးတစ်ယောက်အနေနဲ့ပဲ သရုပ်ဆောင်ရပါတယ်။ ကားလေးက ဟာသကားလေးဆိုတော့ ပရိသတ်တွေ ကြိုက်လိမ့်မယ်လို့ ထင်တယ်။ နန်းခင်တို့ ပါဝင်သရုပ်ဆောင်တဲ့လူတွေ အကုန်လုံးလည်း တက်ညီလက်ညီ ကြိုးစားထားပါတယ်။ အခက်အခဲကတော့ မရှိပါဘူး။ ဖက်ရှင်ကတော့ လူငယ်ပုံစံပဲ ဝတ်ထားပါတယ်။

www.free4reader.com

A Moment With 8days ဆိုတဲ့ စာမျက်နှာအတွက် ယခုတစ်ပတ်မှာတော့ သရုပ်ဆောင် ခင်သဇင်ရဲ့ Oshare ဆိုင်လေးကို ဝိုင်းတော်သားတွေရောက်ရှိခဲ့ပါတယ်။

ခင်သဇင် - hello 8days ပရိသတ်ကြီး မင်္ဂလာပါ။ သဇင် ရှုတင်မသွားခင်လေး သဇင့်ဆိုင်ကို ခဏဝင်လာတာပါ။

8days - ဒီနေ့ ဖီလင်က ဘယ်လိုနေလဲ။

ခင်သဇင် - ဒီနေ့က အပြင်မှာ မိုးတွေရွာနေတာ ထုံးစံအတိုင်းပဲ. .

8days - ဒီနေ့ဝတ်ဖြစ်တဲ့ အင်္ကျီလေးက. . .




ခင်သဇင် - သဇင်ဒီနေ့ ဂျင်းအင်္ကျီ ဝမ်းဆက်ဝတ်ဖြစ်တယ်။ ဒီနေ့က မိုးတွင်းလည်းဖြစ်တော့ အနီနဲ့ ဂျင်းဝတ်ရတာ သဇင်အရမ်းကြိုက်တယ်။ အင်္ကျီဝတ်ရင် သဇင်က ဂျင်းဝတ်တာများတယ်။ အရောင်ကို သဇင်က colour match ဖြစ်တာလေးတွေ ကြိုက်တယ်။

8days - ရန်ကုန်မှာနေရတာ သဇင်အကြိုက်ဆုံးအကြိုက်. . .

ခင်သဇင် - ဒီမှာက သူငယ်ချင်းတွေလည်းရှိတယ်။ အလုပ်လုပ်ရတာလည်း သဇင်အတွက် ပိုပြီးအဆင်ပြေလို့ ရန်ကုန်ကို သဇင်ကြိုက်တယ်။

8days - အိမ်ခေါ်နာမည် နာမည်ပြောင်ရှိလား။

ခင်သဇင် - ဟာဟရှိတယ်။ ဘောလုံးတဲ့ ငယ်ငယ်တုန်းက လုံးလုံးလေးမို့ ဘောလုံးလို့ပေးထားတာ။ နာမည်ပြောင်ကို ကြိုက်ပါတယ်။ ခုထိတော့ အဲဒါက Secret တစ်ခုပဲ။ သူငယ်ချင်းတွေစမှာစိုးလို့ ဘယ်သူ့မှတောင်မပြောခဲ့ဘူး။ ဒီ အစီအစဉ်ကြည့်မိရင် ခေါ်ကြမယ်ထင်တယ်။ လမ်းမှာတွေ့ရင်မခေါ်ရဘူးနော်။

8days - အိမ်ကထွက်ရင် မပါမဖြစ်က ဘာဖြစ်မလဲ။

ခင်သဇင် - ဖုန်းပဲပေါ့ ဖုန်းက အရေးကြီးတယ်လေ။

8days - သဇင်အမြဲ အမှတ်တရ ဖြစ်နေတဲ့ အမှတ်တရအဖြစ်အပျက်. . .

ခင်သဇင် - သဇင်လေယာဉ်မယ်ဖြစ်တုန်းက လေယာဉ် Crush ဖြစ်ဖို့ တစ်ခါ ဖြစ်ဖူးတယ်။

8days - အမေ့ဆီက အကောင်းဆုံးအကြံပေးစကား. . .

ခင်သဇင် - အမေက စိတ်ဓာတ်ခိုင်ခိုင်မာမာထားဖို့ အမြဲတမ်းပြောတယ်။ ဘယ်တော့မှ လောကကြီးကို အရှုံးမပေးဖို့ အမေကအမြဲပြောတယ်။

8days - အဖေပေးတဲ့ အကောင်းဆုံးအကြံပေးစကား. . .

ခင်သဇင် - အဖေက အမြဲပြောတယ်။ သမီးလွတ်လပ်တဲ့သူက အမြဲပျော်ရွှင်တယ်။ အဲဒါကြောင့် စိတ်ကိုအမြဲလွတ်လွတ်လပ်လပ်နဲ့ ပျော်ရွှင်စွာထားပါ အမြဲတမ်းပွင့်ပွင့်လင်းလင်း နေပါတဲ့။

8days - ဘဝမှာအမုန်းဆုံး အရာဆိုရင်

ခင်သဇင် - မရိုးသားတဲ့သူတွေကို သဇင်မုန်းတယ်။

8days - ဘဝမှာ Romantic ဆန်တဲ့အဖြစ်အပျက်တွေကြုံဖူးလား။

ခင်သဇင် - Valentine day နေ့မှာလက်ဆောင်ရတာမျိုးတွေပေါ့

8days - Resently Crush ဖြစ်နေရသူ. . .

ခင်သဇင် - ခုလောလောဆယ် ဆိုရင်တော့ နိုင်ငံခြားမင်းသား၊ မင်းသမီးတွေ၊ မြန်မာနိုင်ငံက မင်းသားမင်းသမီးတွေကို ကြိုက်တာမျိုး တော့ရှိတယ်။

8days -ချစ်သူသစ်တွေ့နေပြီလား။

ခင်သဇင် - ဟာဟ မရှိသေးပါဘူးရှင့်။ ပရိသတ်ကြီးကို ချစ်သူသစ်တွေ့ရင်ပြောပါ့မယ်။

8days - facebook မှာ ကိုယ်အမြဲပေးတဲ့ emoji ကဘာလဲ

ခင်သဇင် - သဇင်က facebook သုံးပေမယ့် သိပ် active မဖြစ်ဘူးလို့ ကိုယ့်ဘာသာကိုယ်ထင်တယ်။ တစ်ပတ်နေလောက်မှတစ်ခါ ပုံလေးတွေတင် ဖြစ်တာ။ updatedသိပ်မဖြစ်ဘူး။ ကြိုးစားနေတယ်။ သဇင်အများဆုံး ပေးဖြစ်တဲ့ emoji က love react ပရိသတ်တွေရဲ့ comment လေးတွေဆိုရင် သဇင်က love react လေးတွေ ပေးဖြစ်တယ်။



# A Moment Wit

PHOTO : KHIN MG LATT (SILVER IMAGE), MAKEUP : NANG SI PHAUNG, DRESS : TOO COOL

# 8 Q&A

# ကလေးမွေးပြီးရင် အနုပညာ လုပ်ဖြစ်၊ မလုပ်ဖြစ်က မသေချာသေးပါဘူး မိုးယုစံ

၊ သန္တာဖြိုး ၊



စင်ကာပူအခြေစိုက် Cordlife Group Ltd နဲ့ မြန်မာနိုင်ငံမှ Bio Secure Co.,Ltd တို့ လက်တွဲကာ သရုပ်ဆောင် မိုးယုစံအား မြန်မာနိုင်ငံရဲ့ Cordlife Celebrity မေမေအဖြစ်ခန့်အပ်ခြင်း အခမ်းအနားကို ဩဂုတ်လ ၁ ရက်နေ့က Novotel Hotel တွင်ကျင်းပပြုလုပ်ခဲ့ပါတယ်။ သားဦးလေး မွေးဖွားတော့မယ့် မိုးယုစံရဲ့ မွေးဖွားရက်နီးလာတာနဲ့အမျှ သူမရဲ့ ရင်ခုန်မှုတွေကို မေးမြန်းထားပါတယ်။

**Q. Cordlife Celebrity မေမေအဖြစ် ခန့်အပ်ခြင်းခံရတဲ့အပေါ် မိုးယုစံရဲ့ အမြင်လေးပြောပြပေးပါဦး။**

A.Cordlife Celebrity မေမေအဖြစ် ခန့်အပ်ခြင်းခံရတဲ့အတွက်လည်း ဝိုးအရမ်းပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က အချင်းသိမ်းလို့ ရတယ်ဆိုတာ မသိခဲ့ပါဘူး။ ဒီက တာဝန်ရှိတဲ့သူတွေကလည်း အချင်းသိမ်းဆည်းတယ်ဆိုတာ နောက်တစ်ချိန် ကျန်းမာရေးအတွက် ဘယ်လို အသုံးဝင်တယ်ဆိုတာကို သေချာရှင်းပြခဲ့ကြတယ်။ အခုခေတ်နည်းပညာတွေကလည်း တိုးတက်လာတဲ့အတွက် ရောဂါတော်တော်များများကိုလည်း ၈၀ ရာခိုင်နှုန်းလောက် ကာကွယ်ပေးတယ်လို့ သိရပါတယ်။ မိုးအနေနဲ့ကတော့ ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ သိမ်းဆည်းဖြစ်ခဲ့တာပါ။

**Q. သားဦးလေးကိုရော ဘယ်နလပိုင်းလောက်မွေးဖွားမလဲ။**

A. ဩဂုတ်လ ရက် ၂၀ကျော် မွေးမှာပါ။ ခွဲမွေးမယ်လို့တော့ ဆုံးဖြတ်ထားပါတယ်။ အချင်းကတော့ Cordlife မှာ အပ်မှာပေါ့နော်။

**Q. သားလေးနာမည်ရော ပေးပြီးပြီလား။**

A. အခုထိရွေးနေတုန်းပါပဲ။ အိမ်ခေါ်နာမည်ကိုတော့ သူ့အဖေကပဲ ပေးမှာပါ။ စဉ်းစားမိတဲ့ နာမည်ကိုလည်း လင်မယားနှစ်ယောက် တိုင်ပင်ဖြစ်တယ်။ အခုထိတော့ ရွေးနေတုန်းပါပဲ။

**Q. ကိုယ်ကိုယ်တိုင်ကရော သားလေး လိုချင်တာလား၊ သမီးလေး လိုချင်တာလား။**

A. ကိုယ်ကတော့ သားလေးဖြစ်ဖြစ်၊ သမီးလေးဖြစ်ဖြစ် ချစ်မှာပါပဲ။ အခုကတော့ သားဦးလည်း ဖြစ်တဲ့အတွက် ကိုယ်ဝန်ရှိတယ်လို့ စသိကတည်းက ရင်တွေခုန်ခဲ့ရတာပါ။

**Q. ကိုယ်ဝန်ရှိလာတဲ့အချိန်မှာ ကိုယ့်အနေနဲ့ ဘာတွေပြောင်းလဲသွားတယ်လို့ မြင်မိလဲ။**

A. ကိုယ်ဝန်ရှိလာတဲ့အချိန်မှာ ပြောင်းလဲသွားတဲ့ စိတ်နေစိတ်ထားကတော့ မိခင်စိတ်ပေါ့နော်။အနီးစပ်ဆုံးဆိုရင်တော့ မိခင်ပေါ့။ ကိုယ်ဝန်ရှိလာတဲ့အချိန်မှာ မိဘ ကျေးဇူးကိုပိုပြီး သိတတ်လာတယ်။

**Q. မွေးဖွားဖို့ ရက်နီးလာတော့ ကိုယ်ဝန်အတွက် ဘာတွေဂရုစိုက်ဖြစ်လဲ။**

A. မွေးဖွားရက်နီးလာတော့ အရာရာဂရုစိုက်ရပါတယ်။ အခုဆို ကလေးလှုပ်တာတွေတော့ ရှိတယ်။ တခြားခေါင်းမူးတာတို့၊ အန်တာတို့တော့မရှိပါဘူး။ ကိုယ်ဝန်ဆောင်တစ်ယောက်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရာတွေတော့ ရှိတာပေါ့နော်။

**Q. ကလေးမွေးပြီးရင်ရော အနုပညာအလုပ်တွေ ဆက်လုပ်သွားမှာလား။**

A. ကလေးမွေးပြီးရင် အနုပညာလုပ်ဖြစ် မလုပ်ဖြစ်က မသေချာသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားလေးမွေးပြီး ခြောက်လလောက်က မိခင်နို့တိုက်ကျွေးရမယ်လေ။ အဲဒါကြောင့် သားလေးကို အချိန်ပေးဖြစ်မှာပါ။

**Q. သားနဲ့တွဲပြီးရော အနုပညာအလုပ်တွေ လုပ်သွားဖို့ စဉ်းစားထားတာရှိလား။**

A. သားလေးနဲ့အတူ ကြော်ငြာရိုက်ဖို့ လာရောက်ကမ်းလှမ်းထားတာတွေတော့ ရှိပါတယ်။



# SWEET Success

**မယ်သီတာ သီချင်းကို စာသားရော အတီးပိုင်းပါ တစ်ယောက်တည်း လုပ်ထားတာပါ**

ဒီမယ်သီတာ သီချင်းက တေးရေးအသစ်လေးပေါ့နော်။ ကိုဝေယံက ရေးပေးထားတာပါ။ မယ်သီတာ သီချင်းကို စာသားရော အတီးပိုင်းပါ အကုန်လုံး သူပဲလုပ်ပေးထားတာပါ။

**သီချင်းက မယ်သီတာရဲ့ အကြောင်းကိုပဲ ရေးထားတာပါ**

သီချင်းအကြောင်းအရာက မယ်သီတာအကြောင်းကို ပုံဖော်ထားတာပေါ့နော်။ မယ်သီတာကို ယောကျ်ားလေးတွေက ကြိုက်ကြတယ်။ စိန်တွေရွှေတွေပေးပြီး တင်တောင်းတာတောင် ပြန်မကြိုက်ဘူးဆိုတဲ့ပုံစံလေးပါ။

**ပရိသတ်တွေကလည်း ကြိုက်ကြတဲ့အတွက် ပျော်ပါတယ်**

ဒီသီချင်းက Title သီချင်းလည်းဖြစ်တယ်။ နောက်ပြီး ပရိသတ်တွေလည်း ကြိုက်ကြတဲ့အတွက် ပျော်ပါတယ်။

**Title ပေးဖြစ်တာက နာမည်လေး ဆန်းလို့ပါ**

ဒီသီချင်းမရေးခင် ဝိုင်းစုက နာမည်ဆန်းဆန်းလေး ရေးပေးပါလို့တော့ ပြောလိုက်တယ်။ ကိုဝေယံကလည်း နာမည်ဆန်းဆန်းလေးနဲ့ အကြောင်းအရာဆန်းဆန်းလေး ရေးပေးတဲ့အတွက် ဒီသီချင်းလေးကို Title ပေးလိုက်တာပါ။

**မယ်သီတာက အတီးပိုင်းကို သေချာလေး တီးထားပါတယ်**

မယ်သီတာမှာ အဓိက ကတော့ အတီးပိုင်းပေါ့နော်။ အတီးပိုင်းကို သေချာလေးတီးထားပါတယ်။ ဗုံသံတွေရော မြန်မာသံတွေပါ အစုံလေးထည့်ထားတယ်။ ဒါပေမဲ့ အရမ်းကြီးပုံတော့ မပျက်အောင် လုပ်ထားပါတယ်။

**အကြိုက်ဆုံးစာသားက တစ်ပုဒ်လုံးပါပဲ**

နောက်ပိုင်း Show ပွဲတွေမှာလည်း ဆိုဖို့ရှိပါတယ်။ အကြိုက်ဆုံး စာသားဆိုရင် တစ်ပုဒ်လုံးပါပဲ။

# မယ်သီတာ

## ရေး - ဝေယံမင်းသူ / ဆို - ဝိုင်းစုခိုင်သိန်း

၊ သန္တာဖြိုး ၊

www.free4reader.com

# သူငယ်ကားက အရမ်းအောင်မြင်သွားတဲ့အတွက် နောက်ကားတွေမှာ ပိုပြီးတာဝန်ကြီးသွားတယ်

## ကျော်ထက်အောင်

- သန္တာဖြိုး -

10 MINUTES INTERVIEW



Myanmar Idol သီချင်းဆို ပြိုင်ပွဲကနေ တစ်ဆင့် ပရိသတ်တွေ အားပေးမှု အထူးရရှိခဲ့တဲ့ ကျော်ထက်အောင်က အခုဆို ရုပ်ရှင်ကားကြီးခြောက် ကားရိုက်ကူးပြီးပြီလို့ ဆိုပါတယ်။ ကျော်ထက်အောင်ရဲ့ ခုနစ်ကားမြောက် ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲပေးအခမ်းအနားကို ဩဂုတ်လ ၅ ရက်နေ့ နံနက် ၉နာရီက My Garden မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒါကြောင့် ကျော်ထက်အောင်နဲ့ တွေ့ဆုံခိုက်သူရဲ့ အနုပညာလှုပ်ရှားမှုတွေကို မေးမြန်းထားပါတယ်။

**Q. အခုထပ်ရိုက်မယ့် ရုပ်ရှင်ဇာတ်ကားလေးအကြောင်းအရင် မိတ်ဆက်ပေးပါဦး။**

A. ဒီကားက ဝန္နဝင်အငြိုးလို့ အမည်ပေးထားပါတယ်။ ဒါရိုက်တာက အောင်ဇော်လင်းပါ၊ ဇာတ်ညွှန်းက မိုးနီလွင်၊ ဝတ္ထုက လွန်းထားထားပါ။

**Q. သရုပ်ဆောင်တွေကရော ဘယ်သူတွေပါသေးလဲ။**

A. သရုပ်ဆောင်တွေက ကျွန်တော်ပါမယ်၊ နောက်ပြီး မယ်လိုဒီ၊ ပိုင်ဖြိုးသု၊ မြတ်ကေသီအောင်၊ မင်းဦးနဲ့ မင်းပိုင်ပါပါတယ်။

**Q. ကိုယ်ရဲ့ ကာရိုက်တာကရော။**

A. ကျွန်တော်က သားအကြီးပါ။ ကိုမင်းဦးနဲ့ မမြတ်ကေသီအောင်တို့ရဲ့ သားအကြီးပါ။ ကျွန်တော်က အနှိမ်ခံသားပေါ့နော်။ အမေက မကျန်းမာတော့ အဖေရဲ့စီးပွားရေးတွေကို ဦးစီးပြီးတော့ ကျွန်တော်က လုပ်ရတယ်။ အမေက ကျွန်တော့်ကို ဦးစားမပေးဘူး။ အနှိမ်ခံရတဲ့ ကာရိုက်တာလေးပါ။

**Q. ဒီကားကို ရိုက်ဖို့ လတ်ခံဖြစ်တာကရော။**

A. ဒီကားက အောင်ဇော်မင်းက ရိုက်နေကျဆိုတော့ ရိုက်ဖြစ်သွားတာပါ။ နောက်တစ်ခုက သူငယ်ရိုက်ကတည်းက ဒီဇာတ်တွေကရှိပြီးသားပါ၊ တကယ်ရိုက်မယ်ဆိုမှ ကိုမိုးနီလွင်နဲ့ တိုင်ပင်ပြီး ဇာတ်ညွှန်းတွေ ပြန်ရေးဖြစ်တာပေါ့နော်။ သူငယ် ရိုက်ကတည်းက ရှိပြီးသားဇာတ်တွေဖြစ်တဲ့အတွက် ရိုက်ဖြစ်တာပါ။

**Q. ကိုယ့်ရဲ့ ပွဲဦးထွက်ဖြစ်တဲ့ သူငယ်ကားကလည်း ပရိသတ်တွေ အရမ်းအားပေးကျတော့ နောက်ရိုက်မယ့်ကားတွေမှာ ဖိအားရော ရှိသွားလား။**

A. ဖိအားဆိုတာထက် အားတွေဖြစ်စေတာပေါ့နော်၊ သူငယ်က အရမ်းပေါက်သွားတဲ့ ကားဖြစ်တဲ့အတွက် နောက်ကားတွေက ပိုပြီး တာဝန်ကြီးသွားတယ်ဆိုတဲ့ တာဝန်တစ်ခုတော့ ရှိလာတာပေါ့နော်။

**Q. သူငယ်ကားနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ သရုပ်ဆောင်မှုအပေါ် ရော ပရိသတ်က ဘယ်လိုတွေပြောကြလဲ။**

A. ပရိသတ်တွေကတော့ တစ်ကားလုံးခြုံကြည့်ရင် ဟာသကားဖြစ်တဲ့အတွက် အရမ်းကောင်းတယ်တော့ ပြောပါတယ်။ ဟာသရသကို အကောင်းဆုံးပေးစွမ်းနိုင်တဲ့ကားလို့ ပြန်ပြောကြပါတယ်။ နောက်ပြီး ကျွန်တော်သရုပ်ဆောင်တာကိုလည်း မဆိုးပါဘူးလို့ အဲဒီလိုလေး ပြန်ပြောပေးတဲ့အတွက် အရမ်းလည်း ဝမ်းသာဂုဏ်ယူမိပါတယ်။

**Q. ပွဲဦးထွက်ကားမှာ B ရုံနဲ့ ဖြတ်တင်တယ်၊ အောင်မြင်မှုရရှိသွားတဲ့အတွက် နောက်ကားတွေရော B ရုံကနေပဲ သွားမှာလား။**

A. အဲဒါက အောင်ခေတ်မင်းအပေါ်ပဲ မူတည်တယ်ခင်ဗျ၊ ကျွန်တော်တို့ A ရုံကနေ ပုံမှန်အတိုင်း တန်းစီပြီးသွားမယ့် ကားတွေလည်း ရှိပါတယ်၊ B ရုံကနေလည်း သွားဖို့ကားတွေလည်း ရှိပါတယ်။ ဇာတ်ကားရဲ့ ဇာတ်လမ်းပေါ်မှာပဲ မူတည်ပြီးတော့ ရွေးချယ်သွားမှာပါ။

**Q. အခုနောက်ပိုင်း B ရုံက လူငယ်ကြိုက်ကားတွေ တင်တာများတယ်လို့ ပြောကြတယ်၊ အဲဒီတော့ B ရုံမှာတင်မယ့်ဇာတ်က လူငယ်ကြိုက်ဇာတ်တွေပဲတင်ဖြစ်မှာလား။**

A. မဟုတ်ပါဘူး။ ကျွန်တော်တို့က အရွယ်သုံးပါးအတွက်လည်း ကြည့်သလို၊ ကျွန်တော်တို့ Level တိုင်းအတွက်လည်း ကြည့်ပါတယ်။

စာမျက်နှာ-၂၃သို့



# 8days FM ချာတိတ်

## ရွှေထူး



ဒီတစ်ပတ် 8days FM မှာ တောင်းဆိုထားတဲ့ သီချင်းကတော့ ရွှေထူး သီဆိုထားတဲ့ "ချာတိတ်" သီချင်းဖြစ်ပါတယ်။ တောင်းဆိုထားတဲ့ 8days FM ချစ်သူတွေကတော့. . .

မန္တလေး ဝင်းရွှေဝင်းထွန်းက တောင်ကြီးမှ ဆောင်းလေပြေအတွက်၊ ကျော်မျိုးက မိုးအတွက်၊ အိမ့်နှင်းက ချစ်ရတဲ့ ကျော်အတွက်ဆိုပြီး တောင်းဆိုပေးထားကြပါတယ်။

ကဲ. . . . သီချင်းစာသားလေးကိုဖတ်ကြည့်ရင်း
ကိုယ့်အနားမှာ သီဆိုပြနေသလို ခံစားကြည့်လိုက်ရအောင်. . . .

ချာတိတ် ညဘက်နှိပ်စက်အိပ်လို့မရအောင် အရိပ်ကလေး
အိပ်မက်ထဲအတင်းတိုးဝှေ့ကာချာတိတ်ကလေးရယ် မင်းကိုယ့်အပေါ်
နှိပ်စက်လွန်းတယ်ကွယ် ချာတိတ် မင်းပြောစကားသကြားသီးလေးလိုချိုရဲ
နူးညံ့တဲ့နှလုံးသားထက်ဝယ်ချာတိတ်ကလေးရယ်
မင်းကိုယ့်အပေါ်စိုးမိုးလွန်းတယ်ကွယ်
ချာတိတ် ဒီဇိုင်းအဆန်းကလေးဝတ်လို့ထားရင်အလှဆုံး
အားလုံးကဝိုင်းငေးကြမယ်ချာတိတ်ကလေးရယ် မင်းကလေးအပေါ်
စိတ်မချဘူးလေးကွယ် ချာတိတ်ကလေး. . . သံယောဇဉ်တွေပေးထားခဲ့ပြီး
မင်းကလေးကိုယ့်ကိုအမျိုးမျိုးပြုံးပြတယ် နှလုံးသားမှာစူးနစ်ခဲ့ပြီကွယ်
ချာတိတ် ကြားထဲကနှောင့်ယှက်မှုတွေဖယ်ရှား သိပ်လှတဲ့နေ့သစ်များမှာ
ချာတိတ်ကလေးရယ် မင်းနဲ့အတူတို့နှစ်ယောက်လျှောက်လည်မယ်
ချာတိတ် ညဘက်နှိပ်စက်အိပ်လို့မရအောင် အရိပ်ကလေး
အိပ်မက်ထဲအတင်းတိုးဝှေ့ကာချာတိတ်ကလေးရယ်
မင်းကိုယ့်အပေါ်နှိပ်စက်လွန်းတယ်ကွယ် ချာတိတ် မင်းပြောစကား
သကြားသီးလေးလိုချိုရဲ နူးညံ့တဲ့နှလုံးသားထက်ဝယ်ချာတိတ်ကလေးရယ်
မင်းကိုယ့်အပေါ်စိုးမိုးလွန်းတယ်ကွယ်
ချာတိတ် ဒီဇိုင်းအဆန်းကလေးဝတ်လို့ထားရင်အလှဆုံး
အားလုံးကဝိုင်းငေးကြမယ်ချာတိတ်ကလေးရယ်
မင်းကလေးအပေါ် စိတ်မချဘူးလေးကွယ်
ချာတိတ်ကလေး. . . သံယောဇဉ်တွေပေးထားခဲ့ပြီး
မင်းကလေးကိုယ့်ကိုအမျိုးမျိုးပြုံးပြတယ် နှလုံးသားမှာစူးနစ်ခဲ့ပြီကွယ်
ချာတိတ် ကြားထဲကနှောင့်ယှက်မှုတွေဖယ်ရှား
သိပ်လှတဲ့နေ့သစ်များမှာ ချာတိတ်ကလေးရယ်
မင်းနဲ့အတူတို့နှစ်ယောက်လျှောက်လည်မယ်

နောက်တစ်ပတ်မှာ ရည်ရွယ်ထားတဲ့ သီချင်းကတော့ (၁၇-၈-၂၀၁၇) နေ့ထုတ်အတွက် ဝိုင်းစုခိုင်သိန်း သီဆိုထားတဲ့ "ဖယ်သီတာ" သီချင်း၊ (၂၄-၈-၂၀၁၇) နေ့ထုတ်အတွက် မနောသီဆိုထားတဲ့ "အချစ်စစ်ရဲ့တန်ဖိုး" သီချင်းတို့ကိုဖော်ပြပေးဖို့စီစဉ်ထားပါတယ်။

8days FM အစီအစဉ်မှာ သီချင်းတောင်းဆိုသူများ ဖုန်းနံပါတ် ၀၉-၇၃၀၀၀၀၁၄/ ၀၉-၇၃၀၀၀၀၁၅/၀၉-၇၃၀၀၀၀၁၆၊ 8daysjournal @gmail.com နဲ့ 8days Journal Facebook Chatbox မှ တိုက်ရိုက်တောင်းဆိုနိုင်ပါတယ်။

www.free4reader.com

# လမ်းတွေကျဉ်းနေတဲ့အတွက် ခုံးကျော်တံတားတွေ ထပ်တိုးဖို့လည်း လိုပါတယ်

## ဆန်းသစ်လ

YBS ကားတွေ ပြောင်းလဲပြီးတဲ့နောက်ပိုင်းမှာ ယာဉ်လမ်းကြောတွေ နည်းနည်းစီတော့ ချောင်လာပြီ။ ဒါပေမဲ့ YBS ကားတွေ စည်းကမ်းရှိလာပေမယ့်လည်း Taxi သမားတွေလည်း စည်းကမ်းရှိဖို့တော့ လိုပါသေးတယ်။ လမ်းကြောတွေက အရင်ကထက်စာရင် နည်းနည်းလေးပဲ ချောင်သွားတယ်ဆိုတာက ကိုယ်ပိုင်ယာဉ်စီးတဲ့သူတွေများလာတာလည်း ပါပါတယ်။ လမ်းတွေကလည်း ကျဉ်းနေတဲ့အတွက် ချဲ့ဖို့လိုပါတယ်။ ခုံးကျော်တံတားတွေ ထပ်တိုးဖို့လည်း လိုပါတယ်။ YBS ကားတွေမှာလည်း စည်းကမ်းလိုက်နာတဲ့သူက (၅၀)ပဲ ရှိသေးသလို၊ မလိုက်နာတဲ့သူတွေကလည်း (၅၀) လောက်ရှိသေးပါတယ်။ Taxi သမားတွေကလည်း ခရီးသည်ရဖို့နဲ့ တစ်စီးနဲ့တစ်စီး ပြိုင်ပြီးတော့မောင်းတာမျိုး၊ ကျော်တက်မောင်းတာမျိုး မလုပ်ဘူးဆိုရင် ယာဉ်ကြောပိတ်တာကသိသိသာသာ ပြောင်းလဲလာမှာပါ။ ဆန်းသစ်ကတော့ မ. ထ. သ လိုင်းထက်စာရင် YBSလိုင်းတွေကို ပိုကြိုက်ပါတယ်။ မ. ထ. သ တုန်းက တော်တော်ဆိုးခဲ့ပါတယ်။ မြန်တယ်ဆိုပေမယ့် အန္တရာယ်တွေလည်းများတယ်။ YBS တွေကတော့ ကားအစီးရေနည်းလို့ အခက်အခဲတွေဖြစ်မယ်။ လူတွေစောင့်ရတဲ့အတွက် ဒုက္ခရောက်တယ်ဆိုပေမယ့် နောက်ပိုင်းမှာတော့ အဆင်ပြေလာမယ်လို့တော့ မျှော်လင့်မိပါတယ်။



# ကားပါကင်တွေတိုးချဲ့နိုင်ရင် လမ်းပိတ်တာ နည်းနည်းသက်သာသွားမယ်ထင်ပါတယ်

## သက်ဆုနဒီ



YBS ကားတွေ ပြောင်းလဲထားတဲ့ လလည်းကြာပြီဆိုတော့ ပြောင်းလဲမှုလည်း အတိုက်အခုလျော့တော့ ရှိပါတယ်။ ဒါပေမဲ့ အရင်လမ်းကြောင်းအတိုင်း သွားနေကြတဲ့သူတွေအတွက်ကတော့ (၂) ဆင့်စီး၊ (၃)ဆင့်စီးရတာမျိုးတွေဖြစ်တော့ ပိုက်ဆံပိုကုန်တယ်လို့ သက်ဆု ဆရာမတွေ ပြောတာ ကြားဖူးပါတယ်။ ပိုပြီးတော့ ကောင်းလာမယ်လို့တော့ ယုံကြည်ရပါတယ်။ မ. ထ. သ ကိုတော့ သဘောမကျတာ အမှန်ပါပဲ။ ဒါပေမဲ့ YBS နဲ့ မ. ထ. သနဲ့က အရမ်းကြီးတော့ မကွာသေးပါဘူး။ အကုန်လုံး မပြောင်းသေးတာကြောင့် အရမ်းကြီးမပြောင်းလဲသေးပါဘူး။ YBS ပြောင်းပြီးပေမယ့် ကားတွေပိတ်နေသေးတယ်ဆိုတာက သက်ဆုတို့ နိုင်ငံမှာ ကားပါကင် လုံလုံလောက်လောက် မရှိဘူး။ ကားတွေလည်း အရမ်းများတယ်။ ပလက်ဖောင်းတွေက ကျဉ်းတဲ့အပြင် ဈေးသည်အများစုကလည်း ပလက်ဖောင်းပေါ်မှာ တက်ရောင်းတဲ့အတွက် လူတွေက လမ်းဘေးက ကပ်လျှောက်ရတယ်။ ကားရပ်စရာနေရာမရှိတော့ လမ်းဘေးမှာ ရပ်ရတယ်။ အဲဒါတွေကြောင့် လမ်းတွေ ပိုပိတ်တယ်လို့ ထင်ပါတယ်။ ကားပါကင်တွေ တိုးချဲ့နိုင်ရင် လမ်းပိတ်တာ နည်းနည်းသက်သာသွားမယ်လို့ ထင်ပါတယ်။ အခုလောလောဆယ် ကားပါကင်လုပ်ဖို့ မလွယ်သေးတာဆိုတော့ လမ်းတွေ ပိတ်နေဦးမယ်ထင်ပါတယ်။ လိုင်းကားထက် ကိုယ်ပိုင်ယာဉ်တွေက ပိုများနေတယ်။ ဒါပေမဲ့လည်း လမ်းသာကျယ်မယ်ဆိုရင်တော့ မဆိုးတော့ဘူးလို့တော့ ထင်ပါတယ်။

**STAR OPINION**








# မိုးဟေကို မျက်တောင်တုတပ်တာကို အတုယူပြီး လိုက်တပ်ခဲ့တာ . . . မိတ်ကပ် Gucci Aung

။ မိုးထက်ကျော် ။

ဒီတစ်ပတ် 8days' Beauty Questions ကို မိတ်ကပ် Gucci Aungနဲ့ တင်ဆက်ထားပါတယ်။ မေးခွန်း ၁၆ ခုထဲကနေ မဲနှိုက်ပြီးရလာတဲ့မေးခွန်းအပေါ် ဖြေရတဲ့အတွက် ဘယ်လိုအဖြေလေးတွေဖြစ်မလဲဆိုတာ ဖတ်ရှုပေးပါဦးနော်. . . . . . .

**Q. အိမ်ကထွက်ရင် မလိမ်းမဖြစ်လိမ်းတဲ့ Make-Up Item က. . .**

A. နေ့တိုင်း Gucci က အောက်ကနေ Skin care လိမ်းတယ်။ ပြီးရင် Two Way လိမ်းတယ်။ အနည်းဆုံး Eye Liner ဆွဲတယ်။ မျက်ခုံးမွှေးဆွဲတယ်။ နှုတ်ခမ်းနီလေးဆိုးတယ်။ အဲဒီလောက်ပါပဲ။

**Q. ကိုယ်အမြဲသုံးပြီးကြိုက်တဲ့ Bath and Body Brand ကို ပြောပြပါဆိုရင်. . . .**

A. အခု သုံးဖြစ်နေတာကတော့ Victoria secret ကို သုံးနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ဆောင်ရထားလို့ပါ။

**Q. ဘယ်အနုပညာရှင်က မိတ်ကပ်အလိမ်းတတ်ဆုံးလို့ထင်လဲ။**

A. ကိုယ်လိုက်ခဲ့တဲ့ မင်းသမီးတွေကတော့ အများကြီးပေါ့နော်။ အဲဒီထဲမှာမှ မိတ်ကပ်အလိမ်းတတ်ဆုံးလို့ထင်တာကတော့ မိုးဟေကိုပါ။ ဘာဖြစ်လို့လဲဆိုတော့ သူက ကိုယ့်ကိုယ်ကိုယ်လည်း မျက်တောင်တုတပ်တတ်တယ်။ သူ့ကြောင့် Gucci အခုဆို ကိုယ့်ကိုယ်ကိုယ် မျက်တောင်တု သူ့ဆီကနေ အတုယူပြီး တပ်တတ်နေပါပြီ။

**Q. ကိုယ်ကြိုက်တဲ့ အကောင်းဆုံးထုပ်ပိုးမှုပေးတဲ့Brand က. . .**

A. MAC, Chanel, Estee Lauderအကုန်လုံးကတော့ ကောင်းကြပါတယ်။ အဲဒီထဲမှာမှ Chanel ရဲ့ထုပ်ပိုးမှုကို ကြိုက်ပါတယ်။ သူ့ရဲ့အနုသင်းသင်းလေးကိုကြိုက်တယ်။

**Q. မိတ်ကပ်လိမ်းရတာကြိုက်လား၊ ဘာလို့ကြိုက်တာလဲ။**

A. မိတ်ကပ်လိမ်းရတာကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ ရှိရင်းစွဲနဂိုရုပ်ကို Changes ဖြစ်စေတယ်။ မလိမ်းထားလို့ရှိရင် အမြဲတမ်းနေမကောင်းဘူးလားလို့ အမေးခံရတယ်။ လူတစ်ယောက်ကို မိတ်ကပ်လိမ်းထားတာနဲ့ မလိမ်းထားတာ အရမ်းကွာတယ်။ အဲဒီတော့ မိတ်ကပ်လိမ်းရတာ ကြိုက်တယ်။

**Q. မျက်တောင်တုတပ်ရတာကြိုက်လား၊ ဘယ်လိုပွဲမျိုးတွေမှာ မျက်တောင်တုတပ်သင့်လဲ။**

A. မျက်တောင်တုတပ်ရတာကိုကြိုက်တယ်။ ဘာလို့လဲဆိုတော့ မျက်တောင်တုတပ်တဲ့အချိန်မှာ သူ့ရဲ့ Size တွေက အမျိုးစုံရှိတယ်။ Natural ဆန်တာရှိတယ်။ ထူတာရှိတယ်၊ ပါးတာရှိတယ်။ ဒါပေမဲ့ ကိုယ်နဲ့လိုက်ဖက်တဲ့ မျက်တောင်တုကို ရွေးတတ်ဖို့တော့လိုတာပေါ့။ ကိုယ်သွားမယ့်ပွဲက ပေါ့ပေါ့ပါးပါး ပွဲလား၊ heavy ဖြစ်တဲ့ပွဲလား။ အဲဒီလိုပွဲမျိုးတွေပေါ် မှာမူတည်ပြီး၊ ကိုယ်သွားမယ့်ပွဲနဲ့လိုက်ပြီး မျက်တောင်တုကို ရွေးသင့်ပါတယ်။ Dinner ပွဲဆို မျက်တောင်ထူထူလေး နဲ့ Eye Liner မည်းမည်းလေးဆိုရင် ပိုလှတယ်လို့ Gucci ထင်ပါတယ်။

**Q. ကိုယ့်ရဲ့ဝင်ငွေထဲကနေ မိတ်ကပ်ပစ္စည်းဝယ်ဖို့ Budget သတ်သတ်ခွဲတတ်လား။ဒါမှမဟုတ် ပစ္စည်းကြိုက်တာနဲ့ ဝယ်တတ်တာလား။**

A. Budget သတ်သတ်ခွဲပြီး ဝယ်တာမရှိပါဘူး။ ကိုယ်ကြိုက်တယ်၊ လိုအပ်တယ်ဆိုရင်တော့ ဝယ်လိုက်တာပဲ။ တချို့ပစ္စည်းတွေက တစ်ခါတလေ ကိုယ်ဝယ်နေကျဆိုင်မှာ တွေ့ချင်မှလည်းတွေ့တာ။ အဲဒီအတွက် ဒီနေရာမှာ ကိုယ်တွေ့တယ်၊ ကြိုက်တယ်ဆိုရင် ဝယ်လိုက်တာပဲ။

**Q. ကိုယ်ပထမဆုံး စသိတဲ့ မိတ်ကပ်ပစ္စည်း. . . .**

A. ပထမဆုံးစသိတဲ့မိတ်ကပ်ပစ္စည်းဆိုရင် Arche, Promina ပါ။ အဲဒါတွေကို ငယ်ငယ်တုန်းက သနပ်ခါးနဲ့ရောပြီးလိမ်းတယ်။ ငယ်ငယ်ကတည်းက မိန်းကလေးဆန်ချင်တော့ ဖွေးဖွေးလေးဖြစ်သွားတာကို ကြိုက်တယ်။







www.free4reader.com



# ပိုးမီ

။ သန္တာဖြိုး ။

## myanmar LOOSE talks

**အမေမြန်ပြောမှသိရတာ**

ငယ်ငယ်တုန်းက အမေက ညဘက်ဆို ကာတွန်းအမြဲ ဖတ်ပြတတ်တယ်။ ပိုးမီက ငယ်သေးတော့ စာမဖတ်တတ်သေး ဘူးလေ။ ဒါပေမဲ့ ညသည်တွေလာရင် ပိုးမီရဲ့အကျင့်က ကာတွန်းစာအုပ်ကိုယူ ကိုယ်ဖတ်တတ်သလိုလို ဘာလိုလိုနဲ့ အမေဖတ်ပြသွားတဲ့ဟာတွေကို မှတ်ပြီး ပြန်ဖတ်ပြတာပေါ့ နော်။ လူကြီးတွေကတော့ ကလေးလေး တော်လိုက်တာပေါ့။ ဒါပေမဲ့ ကိုယ်က တကယ်ဖတ်တတ်တာမဟုတ်ဘူး။ အမေ ဖတ် ပြတာ ညတိုင်းကြားပြီး အလွတ်ရနေတာ။ အဲဒါလေးကတော့ အမေပြန်ပြောမှသိရတဲ့ အမှတ်တရအလွဲလေးပေါ့နော်။

**ရည်းစားစာ ရေးပေးလိုက်လို့**
**ဆရာမ အရိုက်ခံရဘူးတယ်**

ကျောင်းသားဘဝတုန်းက ပိုးမီက စာအရမ်းကြိုးစား တယ်။ တစ်ခါမှလည်း စာနဲ့ပတ်သက်လို့ အရိုက်မခံရဘူး။ မှတ်မှတ်ရရဆို ဆယ်တန်းတုန်းက တစ်ခါပဲ အရိုက်ခံရတယ်။ အဲဒါကလည်း စာမရလို့မဟုတ်ဘူး။ သူငယ်ချင်းကို ကူညီလိုက် လို့လေ။ ပိုးမီက သူငယ်ချင်းယောက်ျားလေး များတယ်။ တစ် နေ့ သူငယ်ချင်းက လက်ရေးမလှဘူး။ သူက ရည်းစားစာရေး ချင်တယ်။ လက်ရေးမလှလို့ ကိုယ့်ကို ရေးခိုင်းတယ်။ ကိုယ်ကလည်း သူလက်ရေးမလှလို့ ငါ့ကို ရေးခိုင်းတာပဲဆိုပြီး ရေးပေးလိုက်တယ်။ ကိုယ်ရေးပေးလိုက်တဲ့ ရည်းစားစာက ကိုယ့်သူငယ်ချင်း ကောင်မလေးကို ပေးလိုက်မှန်း ကိုယ်ကမသိဘူး။ သူငယ်ချင်းက ကိုယ့်လက်ရေးကို သိနေတော့ ဆရာမနဲ့ သွားတိုင်တယ်။ အဲဒီမှာ ကိုယ်ပါရောပြီး ရိုက်ခံရတာပဲ။

**ဒိုင်က ရပ်လို့ရပါပြီဆိုလည်း မရပ်ဘူး**

Myanmar Idol ပြိုင်ပွဲ ဝင်ပြိုင်တုန်းက ပိုးမီက ဦးမျိုးကြီးရဲ့ ရိုးရှင်းသောဘဝ သီချင်းလေးကို ဂစ်တာတီးပြီး အဆိုဝင်ပြိုင်တာပေါ့နော်။ အဲဒီတုန်းက ကိုယ်က ကြောက်ကြောက်နဲ့ ပြိုင်ရတာဆိုတော့ ပုံမှန်တော့ မဟုတ်ဘူးပေါ့ နော်။ အဲဒါနဲ့ ကိုယ့်ဘာသာကိုယ်တော့ Mood အပြည့်နဲ့ဆိုနေတာပေါ့နော်။ ဒိုင်က သမီးရပြီ ရပ်တော့ဆိုလည်း ကိုယ်က မရပ်သေးဘူး။ ဆက်ဆိုနေတာပဲ။ နောက်ဆုံး ဒိုင်က နင့်အသံကိုကျော်အောင် မနည်းအော်ရတယ်။ ရပ်တော့ဆိုလည်း မရပ်ဘူးဆိုပြီး ပြန်ပြောပြီးရယ်နေရတယ်။ အဲဒီအလွဲကတော့ ပရိသတ်ကြီးလည်း သိမယ် ထင်ပါတယ်။




www.free4reader.com




PHOTO : JASON(SENSE PHOTOGRAPHY), MAKE UP : MAY OO, DRESS : QUEEN COLLECTION

www.free4reader.com